ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

တတိယ အကြိမ်နှင့် စတုတ္ထ အကြိမ်
ပြည်သူ့လွှတ်တော်

၁၉၇၅ ခုနှစ်

# ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ
# နှင့်
# ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်များ

ပြည်သူ့လွှတ်တော်အတွက် ပြန်ကြားရေး ဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းမှ ရိုက်နှိပ်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

တတိယအကြိမ်နှင့် စတုတ္ထအကြိမ်
ပြည်သူ့လွှတ်တော်

၁၉၇၅ ခုနှစ်

# ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ
# နှင့်
# ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်များ

ပြည်သူ့လွှတ်တော်အတွက် ပြန်ကြားရေး ဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းမှ ရိုက်နှိပ်သည်။

## မာတိကာ

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

### ဥပဒေများ


၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ * .... ၁
(၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁)

၂။ နိုင်ငံတော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ * .... ၅
(၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၂)

၃။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ * .... ၁၃
(၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃)

၄။ ၁၉၈၅ ခုနှစ်၊ စီးပွားရေး စီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ * .... ၁၇
(၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၄)

၅။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ * .... ၃၁
(၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၅)

၆။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ * .... .... .... ၃၇
(၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၆)

၇။ ၁၉၈၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေ * .... .... .... ၄၁
(၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၇)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ** .... .... .... (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၈) | ၇၁ |
| ၉။ | အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ** .... .... .... (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၉) | ၇၉ |
| ၁၀။ | နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ** .... (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၀) | ၈၃ |
| ၁၁။ | ကျွဲနွားတိရစ္ဆာန်ကျော်နင်းမှု ဥပဒေ ** .... (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၁) | ၈၇ |
| ၁၂။ | ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေ ** .... .... (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၂) | ၉၉ |
| ၁၃။ | လမ်းနှင့် တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေ .... (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၃) | ၁၁၅ |
| ၁၄။ | ကျပ် တစ်ရာတန် ငွေစက္ကူ၊ ကျပ် ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ် နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရပ်စဲသည့် ဥပဒေ ** .... .... .... (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၄) | ၁၂၃ |


### နည်းဥပဒေများ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ * .... .... .... (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် နည်းဥပဒေများအမှတ် ၁) | ၁၃၁ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၆။ | ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ * .... .... .... | ၁၃၅ |
| | (၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် နည်းဥပဒေများအမှတ် ၂) | |

### လုပ်ထုံးလုပ်နည်းများ

မရှိပါ။

### ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်များ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၇။ | ကျပ် တစ်ရာတန် ငွေစက္ကူ၊ ကျပ် ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ် နှစ်ဆယ်တန်ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်သိမ်းသည့်ဥပဒေကို ပြင်ဆင်သည့်အမိန့် (၁၉၈၅ ခုနှစ်၊ နိုင်ငံတော်ကောင်စီ၏ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်အမှတ် ၁ နှင့် အမိန့်အမှတ် ၂) တို့ကို အတည်ပြုသည့် ကြေငြာချက် နှင့် ၁၉၈၅ ခုနှစ်၊ နိုင်ငံတော်ကောင်စီ၏ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်အမှတ် ၁ နှင့် အမိန့်အမှတ် ၂ *** .... | ၁၄၃ |


---

* တတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမအစည်းအဝေးတွင် အတည်ပြုပြဋ္ဌာန်းသည်။

** စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးတွင် အတည်ပြုပြဋ္ဌာန်းသည်။

*** စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေး တွင် အတည်ပြုသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ အခြေခံဥပဒေ ပုဒ်မ ၅၇ ပါ အကြောင်းအရာအားလုံးကို ပယ်ဖျက်ရမည်။

၃။ အခြေခံဥပဒေ ပုဒ်မ ၄၅၊ ၄၆ နှင့် ၄၉ တို့ကို အောက်ပါ ပုဒ်မများဖြင့် အစားထိုးရမည်—

၄၅။ ပုဒ်မ ၄၄ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်များသည် မိမိတို့အထဲမှ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယ ဥက္ကဋ္ဌ တစ်ဦး နှင့် အတွင်းရေးမှူး တစ်ဦးကို ရွေးချယ်တင်မြှောက်၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို ရယူရမည်။

၄၆။ (က) နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတ ဖြစ်သည်၊

(ခ) နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌသည် နိုင်ငံတော် ဒုတိယသမ္မတ ဖြစ်သည်။

၆၉။ (က) နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌသည် မိမိ၏ တာဝန်ဝတ်တရားများကို ယာယီအားဖြင့် မထမ်းဆောင်နိုင်လျှင် နိုင်ငံတော်ကောင်စီ ဒုတိယ ဥက္ကဋ္ဌက ဥက္ကဋ္ဌ၏တာဝန်ဝတ်တရားများကို ပူးတွဲထမ်းဆောင်ရမည်၊

(ခ) နိုင်ငံတော်ကောင်စီဒုတိယဥက္ကဋ္ဌသည် မိမိ၏တာဝန်ဝတ်တရားများကို ယာယီအားဖြင့် မထမ်းဆောင်နိုင်လျှင် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက ဒုတိယဥက္ကဋ္ဌ၏ တာဝန်ဝတ်တရားများကို ပူးတွဲထမ်းဆောင်ရမည်။

၄။ အခြေခံဥပဒေ ပုဒ်မ ၇၃ ပုဒ်မခွဲ (ဃ) နှင့် (င) တို့ကို အောက်ပါပုဒ်မခွဲများဖြင့် အစားထိုးရမည်—

(ဃ) ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင် အဖွဲ့နှင့် ပြည်သူ့ လုပ်ငန်းစစ်ဆေးရေး အဖွဲ့ များ ကို သော် လည်း ကောင်း၊ အကြောင်း တစ်ခုခုကြောင့် ထိုအဖွဲ့ဝင်များထဲမှ အဖွဲ့ဝင်တစ်ဦးဦး လစ်လပ်လျှင်သော်လည်းကောင်း ရွေးချယ်တင်မြှောက်နိုင်ရန်နှင့် အစားထိုးရွေးချယ်တင်မြှောက်နိုင်ရန် ပုဒ်မ ၆၄ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်များက စုပေါင်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲမှ အမည်စာရင်း တင်သွင်းခြင်း၊

(င) ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီများကို သော်လည်းကောင်း၊ အကြောင်း တစ်ခုခု ကြောင့် ထိုကော်မတီဝင်များထဲမှ ကော်မတီဝင် တစ်ဦးဦး

လစ်လပ်လျှင်သော်လည်းကောင်း ရွေးချယ် တင်မြှောက်နိုင်ရန်နှင့် အစားထိုးရွေးချယ်တင်မြှောက်နိုင်ရန် ပုဒ်မ ၆၄ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရွေး ချယ် တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်များက စုပေါင်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲမှ အမည်စာရင်း တင်သွင်းခြင်း။

နိုင်ငံတော်ကောင်စီဥပဒေကို ပြင်ဆင်သည့်
ဥပဒေ

# နိုင်ငံတော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၂ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံတော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) နှင့် (၅) တို့ကို အောက်ပါ ပုဒ်မခွဲငယ်များဖြင့် အစားထိုးရမည်—

(၃) ဗဟိုအာဏာပိုင် အဖွဲ့အစည်း အသီးသီး ကိုသော်လည်းကောင်း၊ အကြောင်း တစ်ခုခုကြောင့် ထိုအဖွဲ့ဝင်များထဲမှ အဖွဲ့ဝင်တစ်ဦးဦး လစ်လပ်လျှင်သော်လည်းကောင်း လွှတ်တော်က ရွေးချယ်တင်မြှောက်နိုင်ရန်နှင့် အစားထိုးရွေးချယ်တင်မြှောက်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထဲမှ အမည်စာရင်းကို လွှတ်တော်သို့ တင်သွင်းရမည်၊

(၅) လွှတ်တော်ရေးရာကော်မတီ အသီးသီးတွင် လိုအပ်သော အဖွဲ့ဝင်ဦးရေကို သတ်မှတ်၍ လွှတ်တော်က ရွေးချယ်တင်မြှောက်နိုင်ရန်သော် လည်းကောင်း၊ အကြောင်း တစ်ခုခုကြောင့် လွှတ်တော်ရေးရာကော်မတီဝင် တစ်ဦးဦး လစ်လပ်ပါက အစားထိုး ရွေးချယ် တင်မြှောက်နိုင်ရန်သော်လည်းကောင်း လွှတ်တော် ကိုယ်စားလှယ်များထဲမှ အမည်စာရင်းကို လွှတ်တော်သို့ တင်သွင်းရမည်၊

၃။ နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၂၆ ကို အောက်ပါ ပုဒ်မဖြင့် အစားထိုးရမည်––

၂၆။ (က) နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌသည် ပြည်ပသို့ ခရီးသွားနေချိန်တွင် နိုင်ငံတော်ကောင်စီဒုတိယဥက္ကဋ္ဌသည် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌ ၏ တာဝန်ဝတ်တရားများကို ပူးတွဲထမ်းဆောင်ရမည်၊

(ခ) နိုင်ငံတော်ကောင်စီ ဒုတိယ ဥက္ကဋ္ဌသည် ပြည်ပသို့ ခရီး သွား နေ ချိန် တွင် နိုင်ငံတော် ကောင်စီ အတွင်းရေးမှူးသည် နိုင်ငံတော်ကောင်စီ ဒုတိယ ဥက္ကဋ္ဌ၏ တာဝန် ဝတ်တရား များ ကို ပူးတွဲ ထမ်းဆောင်ရမည်။

၄။ (က) နိုင်ငံတော်ကောင်စီ ဥပဒေအခန်း (၅)ကို အခန်း (၅–က) အဖြစ် လည်းကောင်း၊ ပုဒ်မ ၂၇ နှင့် ၂၈ တို့ကို ပုဒ်မ ၂၈–က နှင့် ၂၈–ခ အဖြစ်လည်းကောင်း ပြင်ဆင်ရမည်၊

(ခ) အောက်ပါတို့ကို အခန်း (၅) ၏ ခေါင်းစီးနှင့် ပုဒ်မ ၂၇ နှင့် ၂၈ တို့အဖြစ် ဖြည့်စွက်ရမည်––

**နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌ**

၂၇။ နိုင်ငံတော်ကောင်စီ ဒုတိယ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်––

(က) နိုင်ငံတော်ကောင်စီဝင်များ၏ လုပ်ငန်းတာဝန်များကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ညှိနှိုင်းပေးခြင်း၊

(ခ) နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌသည် မိမိ၏ တာဝန်ဝတ်တရားများကို ယာယီအားဖြင့် မထမ်းဆောင်နိုင်လျှင် ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပူးတွဲထမ်းဆောင် ကျင့်သုံးခြင်း၊

(ဂ) နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌက အခါအား လျော်စွာပေးအပ်သော အခြား တာဝန်များကို ထမ်းဆောင်ခြင်း။

၂၉။ နိုင်ငံတော်ကောင်စီဒုတိယဥက္ကဋ္ဌသည် နိုင်ငံတော် ဒုတိယသမ္မတအဖြစ် အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်—

(က) နိုင်ငံတော်၏ ဒုတိယ အကြီးအကဲ အဖြစ် ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော် သမ္မတသည် မိမိ၏ တာဝန်ဝတ်တရားများကို ယာယီအားဖြင့်မထမ်းဆောင်နိုင်လျှင် နိုင်ငံတော် သမ္မတ ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပူးတွဲ ထမ်းဆောင် ကျင့်သုံးခြင်း၊

(ဂ) နိုင်ငံတော်သမ္မတက အခါအားလျော်စွာ ပေးအပ်သော အခြား တာဝန်များကို ထမ်းဆောင်ခြင်း။

၅။ (က) ပြင်ဆင်ထားသော နိုင်ငံတော်ကောင်စီဥပဒေပုဒ်မ ၂၉-က ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ) နှင့် (ည) တို့ကို ပုဒ်မ ၂၉-က ပုဒ်မခွဲ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည) နှင့် (ဋ) တို့အဖြစ် ပြင်ဆင်ရမည်၊

(ခ) ပြင်ဆင်ထားသော ပုဒ်မ ၂၉-ကတွင် အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ (ဂ) အဖြစ် ဖြည့်စွက်ရမည်—

(ဂ) နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌသည် မိမိ၏တာဝန်ဝတ်တရားများကို ယာယီအားဖြင့် မထမ်းဆောင်နိုင်လျှင် ပုဒ်မခွဲ (က) နှင့် (ခ) ပါ လုပ်ငန်းတာဝန်များကို နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

၆။ ပြင်ဆင်ထားသော နိုင်ငံတော်ကောင်စီဥပဒေပုဒ်မ ၂၉–က ပုဒ်မခွဲ (စ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(စ) နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌသည် မိမိ၏ တာဝန်ဝတ်တရားများကို ယာယီအားဖြင့် မထမ်းဆောင်နိုင်လျှင် ဒုတိယ ဥက္ကဋ္ဌ၏ တာဝန် ဝတ်တရားများကို ပူးတွဲထမ်းဆောင်ခြင်း၊

၇။ နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၃၉ ပုဒ်မခွဲ (ခ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(ခ) နိုင်ငံတော်ကောင်စီဥက္ကဋ္ဌသည် အစည်းအဝေးမတက်ရောက်နိုင်ပါက နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌသည် လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌသည်လည်းကောင်း မတက်ရောက်နိုင်ပါက နိုင်ငံတော်ကောင်စီအတွင်းရေးမှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်၊

၈။ နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၄၀ ပုဒ်မခွဲ (က) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(က) နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးတစ်ဦးဦးအပါအဝင် အနည်းဆုံး နှစ်ဆယ့်တစ်ဦး တက်ရောက်မှသာလျှင် အစည်းအဝေး အထမြောက်သည်၊

၉။ နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၄၆ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

၄၆။ နိုင်ငံတော်ကောင်စီသည် လွှတ်တော်ရုံး၊ နိုင်ငံတော်ကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံတော်ဒုတိယသမ္မတရုံးတို့၏ နှစ်စဉ် ရသုံးခန့်မှန်းခြေ ငွေစာရင်းတို့ကို နိုင်ငံတော် ရသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ထည့်သွင်းနိုင်ရန် အချိန်မီ ပြုစုဆောင်ရွက်ရမည်။

# ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်
# ဥပဒေ

# ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (က) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်—

(က) ပုဒ်မ ၁၅ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်များသည် မိမိတို့အထဲမှ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယ ဥက္ကဋ္ဌ တစ်ဦးနှင့် အတွင်းရေးမှူး တစ်ဦး တို့ကို ရွေးချယ်တင်မြှောက်၍ လွှတ်တော်၏အတည်ပြုချက်ကို ရယူရမည်၊

၃။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၄ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁) ကို အောက်ပါ ပုဒ်မခွဲငယ်ဖြင့် အစားထိုးရမည်—

(၁) နိုင်ငံတော်ကောင်စီက တင်သွင်းသော နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှ အပ ဖြစ်သော နိုင်ငံတော်ကောင်စီဝင် ၄ ဦး၊

# ၁၉၇၅ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ

# ၁၉၇၅ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ

[ ၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၄ ]

## နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အနှစ် ၂၀ နှစ်ရှည်စီမံကိန်းနှင့် စတုတ္ထလေးနှစ်စီမံကိန်းလမ်းညွှန်မှုများတွင် ပါရှိသည့် ရည်မှန်းချက်များနှင့် စတုတ္ထလေးနှစ်စီမံကိန်း (၁၉၇၂-၇၃ မှ ၁၉၇၅-၇၆) ၏ ရည်မှန်းချက်များကို ရရှိစေရန် အလို့ငှာ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၈၅ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၉၈၅-၈၆ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ၁၉၈၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်ရမည်။

## အခန်း (၂)

### စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ အစည်းအဝေးက အတည်ပြုပေးခဲ့သော စတုတ္ထ လေးနှစ်စီမံကိန်းရည်မှန်းချက်များနှင့်အညီ ရေးဆွဲထားသည့် စတုတ္ထ လေးနှစ်စီမံကိန်း၏ စတုတ္ထနှစ် ဖြစ်သော ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ရရှိနိုင်ရန် ထိုကဏ္ဍများနှင့် ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက် အကောင်အထည် ဖော်ကြရမည်။

| အမှတ်စဉ် | ကဏ္ဍများ | ၁၉၈၅-၈၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံမှန် ဈေးနှုန်းများဖြင့်တွက်ချက်ထားပါသည်) | | ၁၉၈၄-၈၅ ခု၊ ယာယီစာရင်းအပေါ် ၁၉၈၅-၈၆ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း | | တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|
| | | စုစုပေါင်းတန်ဖိုး | အသားတင်တန်ဖိုး | စုစုပေါင်းတန်ဖိုး အပေါ် | အသားတင်တန်ဖိုး အပေါ် | |
| | | ကျပ်သိန်းပေါင်း | | ရာခိုင်နှုန်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | လယ်ယာ .... .... .... | ၆၆၉၅၈ | ၅၉၀၇၄ | ၅.၄ | ၅.၀ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့် ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း၊ စက်မှုလယ်ယာ ဦးစီးဌာန၊ ပြည်သူ့လုပ်အား နေရာချထားရေးအဖွဲ့နှင့် ဆည်မြောင်းဦးစီးဌာန၊<br>– အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်း၊ အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်း၊ ဂုန်လျှော်ပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်းနှင့် ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၂ | သားငါး .... .... .... | ၁၉၄၅၅ | ၁၄၂၂၉ | ၅.၇ | ၅.၇ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ပုလဲနှင့် ရေလုပ်ငန်းကော်ပိုရေးရှင်း၊ မွေးမြူရေးလုပ်ငန်း ကော်ပိုရေးရှင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာန၊<br>– အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၃ | သစ်တော .... .... .... | ၆၈၆၉ | ၄၅၀၀ | ၆.၉ | ၆.၉ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သစ်လုပ်ငန်းကော်ပိုရေးရှင်းနှင့် သစ်တောဦးစီးဌာန၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၄ | သတ္တု .... .... .... | ၅၇၇၈ | ၃၄၃၇ | ၁၄.၉ | ၁၃.၈ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– သတ္တုတွင်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အမှတ် (၁) သတ္တုတူးဖော် ထုတ်လုပ်ရေးကော်ပိုရေးရှင်း၊ အမှတ် (၂) သတ္တုတူးဖော်ထုတ်လုပ်ရေးကော်ပိုရေးရှင်း၊ အမှတ် (၃) သတ္တုတူးဖော်ထုတ်လုပ်ရေး ကော်ပိုရေးရှင်း၊ မြန်မာ့ ကျောက်မျက်ရတနာ ကော်ပိုရေးရှင်း၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာနနှင့် စီမံကိန်းနှင့် လုပ်ငန်းစစ်ဆေးရေးဦးစီးဌာန၊<br>– အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ကြွေထည်မြေထည်လုပ်ငန်းကော်ပိုရေးရှင်း၊<br>– အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ရေနံကော်ပိုရေးရှင်း၊<br>– ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အကျဉ်းဦးစီးဌာန၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၅ | စက်မှုလက်မှု .... .... .... | ၁၀၄၃၁၉ | ၂၃၃၀၇ | ၁၂.၂ | ၁၄.၁ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– အမှတ် (၁) စက်မှုဝန်ကြီးဌာန နှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊ အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်း၊ ဂုန်လျှော်ပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊ သတ္တုပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း၊ ကြွေထည်မြေထည်လုပ်ငန်းကော်ပိုရေးရှင်း၊ အထွေထွေ စက်မှုလုပ်ငန်း ကော်ပိုရေးရှင်း၊ ဒေသန္တရ စက်မှုလက်မှု ကြီးကြပ်ရေးနှင့် လုပ်ငန်းစစ်ဆေးမှု ညွှန်ကြားရေးဦးစီးဌာနနှင့် စက်မှုစီမံကိန်းဦးစီးဌာန၊<br>– အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ စက်မှုဆောင်ရွက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊ စက္ကူ နှင့် ဓာတုဗေဒ လုပ်ငန်းကော်ပိုရေးရှင်း၊ ရေနံဓာတုဗေဒနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကော်ပိုရေးရှင်း၊ အကြီးစားစက်မှုလုပ်ငန်းကော်ပိုရေးရှင်းနှင့် ဗဟို သုတေသန လုပ်ငန်းအဖွဲ့၊<br>– လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သစ်လုပ်ငန်းကော်ပိုရေးရှင်းနှင့် ဆားလုပ်ငန်းကော်ပိုရေးရှင်း၊<br>– မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ပုလဲနှင့်ရေလုပ်ငန်းကော်ပိုရေးရှင်းနှင့် မွေးမြူရေးလုပ်ငန်း ကော်ပိုရေးရှင်း၊<br>– သတ္တုတွင်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်း၊<br>– ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဆောက်လုပ်ရေးကော်ပိုရေးရှင်း။ |

| အမှတ်စဉ် | ကဏ္ဍများ | ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ၊ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံမှန်ဈေးနှုန်းများဖြင့်တွက်ချက်ထားပါသည်) စုစုပေါင်းတန်ဖိုး | အသားတင်တန်ဖိုး | ၁၉၇၄-၇၅ ခု၊ ယာယီစာရင်းအပေါ် ၁၉၇၅-၇၆ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း၊ စုစုပေါင်းတန်ဖိုးအပေါ် | အသားတင်တန်ဖိုးအပေါ် | တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|
| | | ကျပ်သိန်းပေါင်း | | ရာခိုင်နှုန်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၅ | စက်မှုလက်မှု။ ။အဆုံး | | | | | – ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သင်္ဘောကျင်းကော်ပိုရေးရှင်း၊ ရထားပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ဆိပ်ကမ်းကော်ပိုရေးရှင်းနှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊<br>– ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက် ကုန်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း၊ စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း၊ စားသောက်ဆိုင်နှင့် အဖျော်ယမကာ ကုန်သွယ်ရေးကော်ပိုရေးရှင်းနှင့် ဆေးနှင့် ဆေးပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း၊<br>– ပြန်ကြားရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်းနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း၊<br>– ပညာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဆင့်မြင့်ပညာဦးစီးဌာန၊<br>– ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သာသနာရေးဦးစီးဌာန၊<br>– စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဝါဇီလုပ်ငန်းစီမံကိန်း၊<br>– ကာကွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ကာကွယ်ရေးစက်ပစ္စည်းစက်ရုံ၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာနနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန။ |
| ၆ | လျှပ်စစ်ဓာတ်အား .... — — | ၄၆၄၅ | ၃၇၃၄ | ၁၉.၂ | ၂၂.၆ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း၊<br>– အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဒေသန္တရစက်မှုလက်မှုကြီးကြပ်ရေးနှင့် လုပ်ငန်းစစ်ဆေးမှုညွှန်ကြားရေးဦးစီးဌာန၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၇ | ဆောက်လုပ်ရေး — — — | ၁၆၇၄၇ | ၅၆၂၀ | ၁.၀ | ၂.၀ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဆောက်လုပ်ရေးကော်ပိုရေးရှင်း၊<br>– ကိုယ်ပိုင်ဆောက်လုပ်မှုလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်သည့် နိုင်ငံတော်အဖွဲ့အစည်းများ၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၈ | ပို့ဆောင်ရေး — — .... | ၁၈၁၇၅ | ၁၀၇၃၈ | ၅.၀ | ၅.၄ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ရထားပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ကုန်းလမ်း ပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း၊ လေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ဆိပ်ကမ်းကော်ပိုရေးရှင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပို့ဆောင်ဆက်သွယ်ရေးစီမံကိန်းနှင့် လုပ်ငန်းဆောင်ရွက်ရေးဦးစီးဌာန၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၉ | ဆက်သွယ်ရေး — — .... | ၁၉၁၀ | ၁၅၁၉ | ၁၅.၈ | ၁၅.၉ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဆက်သွယ်ရေးကော်ပိုရေးရှင်း။ |
| ၁၀ | ငွေရေးကြေးရေး .... — — | ၁၂၈၁၃ | ၈၀၆၀ | ၃.၉ | ၄.၁ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ မြန်မာ့စိုက်ပျိုးရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းကော်ပိုရေးရှင်း၊<br>– သမဝါယမ ဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |

| အမှတ်စဉ် | ကဏ္ဍများ | ၁၉၀၅-၀၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားပါသည်) | | ၁၉၀၄-၀၅ ခု၊ ယာယီစာရင်းအပေါ် ၁၉၀၅-၀၆ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း | | တာဝန်ဆောင်ရွက်ကြသည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|
| | | စုစုပေါင်းတန်ဖိုး | အသားတင်တန်ဖိုး | စုစုပေါင်းတန်ဖိုးအပေါ် | အသားတင်တန်ဖိုးအပေါ် | |
| | | ကျပ်သိန်းပေါင်း | | ရာခိုင်နှုန်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁၁ | လူမှုရေးနှင့် စီမံခန့်ခွဲရေး — — | ၃၉၀၃၁ | ၂၁၉၅၁ | ၈.၀ | ၇.၄ | – နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ . သို့မဟုတ် ထိုအဖွဲ့အစည်း အသီးသီးက တာဝန်ပေးမည့် ဌာန၊ ရုံး၊ ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– ပညာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– ကျန်းမာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– ပြန်ကြားရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန၊<br>– အလုပ်သမားဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန၊<br>– နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– ကာကွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– ဝန်ကြီးဌာနအသီးသီး၏ ဝန်ကြီးရုံးများနှင့် အခြားကျန်ရှိသော စီမံခန့်ခွဲရေးအဖွဲ့အစည်းများ။ |
| ၁၂ | အိမ်ငှားခနှင့် အခြားဝန်ဆောင်မှု .... | ၁၃၈၁၂ | ၁၁၄၃၈ | ၃.၀ | ၂.၉ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အိုးအိမ်ဦးစီးဌာန၊<br>– ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးကော်ပိုရေးရှင်း၊<br>– ပြန်ကြားရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ရုပ်ရှင်ကော်ပိုရေးရှင်း၊<br>– ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဆိပ်ကမ်းကော်ပိုရေးရှင်း။ |
| ၁၃ | ကုန်သွယ်မှုတန်ဖိုး .... .... | ၅၆၂၂၄ | ၄၇၂၇၆ | ၇.၈ | ၆.၈ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့် ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ်ရေးကော်ပိုရေးရှင်းများ၊<br>– အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ရေနံထွက်ပစ္စည်း ဖြန့်ဖြူးရောင်းချရေး ကော်ပိုရေးရှင်း၊<br>– လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊<br>– ထုတ်လုပ်သူများထံမှ ကုန်ပစ္စည်းများကို တိုက်ရိုက်ဝယ်ယူသည့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊<br>– စားသုံးသူနှင့် လုပ်ငန်းရှင်များသို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချသည့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၁၄ | စုစုပေါင်း .... .... .... | ၃၆၇၀၃၆ | ၂၁၁၀၆၄ | ၇.၉ | ၆.၉ | |

| အမှတ်စဉ် | ကဏ္ဍများ | ၁၉၈၅-၈၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက်ညှိနှိုင်းချက်များ (တန်ဖိုးများကို ၁၉၆၉-၇၀ နှစ် ပုံမှန် ဈေးနှုန်းများဖြင့် တွက်ချက်ထားပါသည်) | | ၁၉၈၄-၈၅ ခု၊ ယာယီစာရင်းအပေါ် ၁၉၈၅-၈၆ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း | | တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|
| | | စုစုပေါင်းတန်ဖိုး | အသားတင်တန်ဖိုး | စုစုပေါင်းတန်ဖိုး အပေါ် | အသားတင်တန်ဖိုး အပေါ် | |
| | | ကျပ်သိန်းပေါင်း | | ရာခိုင်နှုန်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁၅ | နိုင်ငံခြားသို့ပို့ကုန်တန်ဖိုး (သင်္ဘောပေါ်ရောက်တန်ဖိုး) | ၁၂၈၅၅ | .... | ၁၇.၁ | ... | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်းကုန်သွယ်ရေးကော်ပိုရေးရှင်း၊ စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်းနှင့် မြန်မာ့ထုတ်ကုန်သွင်းကုန်ကော်ပိုရေးရှင်း၊<br>– လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာ စိုက်ပျိုးရေး ကော်ပိုရေး ရှင်းနှင့် သစ်လုပ်ငန်းကော်ပိုရေးရှင်း၊<br>– မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့်ထိုဝန်ကြီးဌာနလက်အောက်ရှိပြည်သူ့ပုလဲနှင့်ရေလုပ်ငန်းကော်ပိုရေးရှင်းနှင့် မွေးမြူရေးလုပ်ငန်းကော်ပိုရေးရှင်း၊<br>– သတ္တုတွင်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အမှတ် (၁) သတ္တုတူးဖော်ထုတ်လုပ်ရေးကော်ပိုရေးရှင်း၊ အမှတ်(၂)သတ္တုတူးဖော်ထုတ်လုပ်ရေးကော်ပိုရေးရှင်းနှင့် မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်း၊<br>– အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့် ထို ဝန်ကြီးဌာနလက်အောက်ရှိ ကြွေထည်မြေထည်လုပ်ငန်းကော်ပိုရေးရှင်း၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊ အထွေထွေစက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊ အထည် အလိပ်လုပ်ငန်းကော်ပိုရေးရှင်းနှင့် ဂုန်လျှော်ပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊<br>– အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ရေနံဓာတုဗေဒနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကော်ပိုရေးရှင်း၊ ဓာတ်မြေသြဇာနှင့် ဓာတုဗေဒလုပ်ငန်းကော်ပိုရေးရှင်းနှင့် အကြီးစားစက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊<br>– ပြည်ပသို့တိုက်ရိုက်တင်ပို့ရောင်းချသည့်နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ။ |
| ၁၆ | ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | | ၂၁၁၀၆၄ | ... | ၆.၉ | |
| ၁၇ | ပြည်တွင်းသုံးရန်တန်ဖိုး ... .... | ၂၁၀၅၁၈ | ... | ၆.၁ | – | |
| ၁၈ | စားသုံးရန်လျာထားသည့်တန်ဖိုး ... .... | ၁၈၀၈၇၁ | ... | ၅.၉ | – | |
| ၁၉ | ငွေရင်းမြှုပ်နှံရန်လျာထားသည့်တန်ဖိုး .... | ၂၇၁၀၈ | ... | (–) ၂.၁ | – | |

| အမှတ်စဉ် | ကဏ္ဍများ | ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ၊ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ်ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားပါသည်) | | ၁၉၇၄-၇၅ ခု၊ ယာယီစာရင်းအပေါ် ၁၉၇၅-၇၆ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း | | တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|
| | | စုစုပေါင်းတန်ဖိုး | အသားတင်တန်ဖိုး | စုစုပေါင်းတန်ဖိုးအပေါ် | အသားတင်တန်ဖိုးအပေါ် | |
| | | ကျပ် | | ရာခိုင်နှုန်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၂၀ | လူတစ်ဦးစီအတွက်ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၉၇၉ | ... | ၅.၇ | ... | |
| ၂၁ | လူတစ်ဦးစီအတွက် ပျမ်းမျှပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၅၆၉ | ... | ၅.၀ | ... | |
| ၂၂ | လူတစ်ဦးစီအတွက်ပျမ်းမျှဝင်ငွေ ... ... | ၅၆၇ | ... | ၄.၀ | — | |
| ၂၃ | လူတစ်ဦးစီအတွက်ပျမ်းမျှစားသုံးမှုတန်ဖိုး ... | ၄၇၇ | ... | ၃.၇ | — | |
| ၂၄ | လူတစ်ဦးစီ၏ပျမ်းမျှရင်းနှီးမြှုပ်နှံမှုတန်ဖိုး ... | ၇၃ | ... | (−) ၃.၉ | ... | |
| ၂၅ | အလုပ်လုပ်သူတစ်ဦး၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၂၄၁၆ | — | ၅.၁ | — | |
| ၂၆ | အလုပ်လုပ်သူတစ်ဦး၏ ပျမ်းမျှ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၁၃၇၉ | ... | ၄.၁ | — | |

# ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၅ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (ခ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(ခ) ဤဥပဒေပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ရွေးချယ်တင်မြှောက်ပွဲများကျင်းပသည့်နေ့ရက်၌ အသက် တစ်ဆယ့်ရှစ်နှစ် ပြည့်သော နိုင်ငံသားတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

၃။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၆ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

၁၆။ လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ရွေးချယ်တင်မြှောက်ခြင်းခံရပြီးနောက် အောက်ပါတစ်ရပ်ရပ်နှင့်ငြိစွန်းလျှင်သော်လည်းကောင်း၊ အောက်ပါအကြောင်း တစ်ရပ်ရပ်ပေါ်ပေါက်လျှင်သော်လည်းကောင်း ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ—

(က) သာသနာ့ဝန်ထမ်းအဖြစ်သို့ အမြဲတမ်းကူးပြောင်းသွားခြင်း၊

(ခ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရခြင်း၊

(ဂ) နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ သတ်မှတ် ကြေငြာသော နိုင်ငံရေးပြစ်မှုဖြင့် ဖြစ်စေ၊ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(ဃ) နိုင်ငံသားအဖြစ်မှ ရပ်စဲသွားခြင်း၊

(င) ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီဝင် တစ်ဦးသည် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ ပြင်ပသို့သော်လည်းကောင်း၊ မြို့နယ်ပြည်သူ့ကောင်စီဝင်တစ်ဦးသည် သက်ဆိုင်ရာမြို့နယ်၏ ပြင်ပသို့သော်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင် တစ်ဦးသည် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်း၏ ပြင်ပသို့ သော်လည်းကောင်း တာဝန်အရဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့် ဖြစ်စေ အမြဲတမ်းပြောင်းရွှေ့သွားခြင်း၊

**ခြွင်းချက်။** ။ဝန်ကြီးအဖွဲ့က တင်ပြပြီး နိုင်ငံတော်ကောင်စီက ခြွင်းချက်ပေးသင့်သည်ဟု ဆုံးဖြတ်သည့် ဒေသများတွင် နေထိုင်ကြသည့် မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်များအား ယင်းပြဋ္ဌာန်းချက်မှ ကင်းလွတ်စေရမည်။

(စ) လွှတ်တော် ကိုယ်စားလှယ်များမှအပ ကျန် ပြည်သူ့ကိုယ်စားလှယ်များသည် သဘာပတိ အဖွဲ့၏ ခွင့်ပြုချက်မရပဲ မိမိအား ရွေးချယ်တင် မြှောက်လိုက်သော မဲဆန္ဒနယ်နှင့် တဆက်တည်း ခြောက်လထက် ကျော်လွန် ကင်းကွာခြင်း၊

(ဆ) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပြုလုပ်ခဲ့ သော ဝန်ခံကြေငြာချက်ကို လိမ်လည်တင်သွင်း သဖြင့် ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(ဇ) ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ပြစ်မှုများကို ကျူးလွန်၍ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(ဈ) မိမိအား ရွေးချယ်တင်မြှောက်လိုက်သော မဲဆန္ဒနယ်ကို ပယ်ဖျက်လိုက်ခြင်း။

၄။ အောက်ပါပုဒ်မခွဲကို ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ) အဖြစ် ဖြည့်စွက်ရမည်—

(ဃ) သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းထားခြင်းမရှိသည့် အခါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တစ်ဦးကဖြစ်စေ၊ ပြည်သူ့ ကိုယ်စားလှယ်လောင်းတစ်ဦးကဖြစ်စေ မိမိအမည်ပါဝင်နေ သော မဲဆန္ဒနယ်တစ်နယ်၏မဲစာရင်းမှ အခြားမဲဆန္ဒနယ်၏ မဲစာရင်းသို့ ခိုင်လုံသော အကြောင်းပြချက်ဖြင့် အမည် ရွှေ့ပြောင်းလိုကြောင်း တင်ပြခြင်းနှင့်စပ်လျဉ်း၍ ရပ်ကွက် နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ သည် ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ လုပ်ပိုင် ခွင့်ကိုလည်းကောင်း၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ် အမှု ဆောင်အဖွဲ့သည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ပိုင်ခွင့်ကို လည်းကောင်း ကျင့်သုံးဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၅။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(ခ) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက အမည်ထည့်သွင်းပေးခြင်းမရှိခဲ့လျှင် နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံခွင့်ရှိသည်။ ယင်းကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၆။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၅ ပုဒ်မခွဲ (ခ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(ခ) ထပ်မံကျင်းပသော ရွေးချယ်တင်မြှောက်ပွဲများတွင် ပထမအကြိမ် ရွေးချယ်တင်မြှောက်ပွဲကျင်းပချိန်၌ အတည်ပြုပြီးသော မဲစာရင်းနှင့်ထပ်မံရွေးချယ်တင်မြှောက်ပွဲကျင်းပသည့်နေ့၌ အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်၍ ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပါဝင်သည့် နောက်ဆက်တွဲမဲစာရင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်ရမည်။

ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ
အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး
ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

[ ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၆ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင် ဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၇) ကို အောက်ပါပုဒ်မခွဲငယ်ဖြင့် အစားထိုးရမည်—

(၇) ပြည်သူ့ကိုယ်စားလှယ် ရွေးချယ် တင်မြှောက်ပွဲ များကျင်းပရေးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်စာရင်းကို ပြုစုခြင်း၊ ကြေငြာခြင်း၊ လိုအပ်သလိုပြင်ဆင်ခြင်း၊ မဲစာရင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ခြင်း။

# ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ

# ၁၉၈၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ

[၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၇]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

### အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၈၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၈၅-၈၆ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ၁၉၈၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်ရမည်။

## အပိုင်း ၂

## ဘဏ္ဍာ ရန်ပုံငွေ

### ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေနှင့် နိုင်ငံတော်၏ အဖွဲ့အစည်းများ၏ ဘဏ္ဍာရန်ပုံငွေ

၂။ (က) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် တဝန်းလုံး၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်၊

(ခ) နိုင်ငံတော်၏ အဖွဲ့အစည်း၊ ၊ထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ အဖွဲ့အစည်းများ၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

## အပိုင်း ၃

## နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၃။ (က) နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်၊

(ခ) နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများအတွက် ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်၊

(ဃ) ဇယား(၁)နှင့် (၃)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပ အကူအညီရငွေနှင့် အခန်း (၃) အရ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ထိုသို့ ပိုမိုရရှိသော ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့ဖြင့် ကျခံရမည့် လုပ်ငန်း အသုံးစရိတ်များကို ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက်ပိုမိုသုံးစွဲရန် လိုအပ်ပါက ဝန်ကြီးအဖွဲ့က စိစစ်သုံးသပ်၍ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသို့ ပြည်ပမှ အကူအညီရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များကိုမူ ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြ ခွင့်ပြုထားသော ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။ ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေဖြင့် မလုံလောက်ပါက ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ သီးသန့် ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

၄။ (က) နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြသော ၁၉၇၅-၇၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်၊

(ခ) နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ(ဃ) အရ ဝန်ကြီးအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း ပြည်သူ့လွှတ်တော်သို့ တင်ပြသော ၁၉၈၅-၈၆ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

## အခန်း (၂)

## သီးသန့်ရန်ပုံငွေ

၅။ (က) နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဇယား (၄) စာတိုင် ၁၂ တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်—

(၁) ကြိုတင် မမျှော်မှန်းနိုင်သောအသုံးစရိတ် ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့်ကိစ္စ ဖြစ်ခြင်း၊

(၃) ရှိရင်းစွဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ် လွှဲပြောင်း ကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်း ကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း၊

(ခ) သီးသန့်ရန်ပုံငွေမှကျခံသုံးစွဲခြင်းကိုဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

## အခန်း (၃)

## ငွေချေးယူခြင်း

၆။ (က) ဝန်ကြီးအဖွဲ့သည် စီးပွားရေးစီမံကိန်းပါ လုပ်ငန်းစီမံချက်များ အတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အတွက် ဖြစ်စေ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့် လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့သည် ချေးယူရရှိသည့်ငွေကို နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၊ စည်ပင်သာယာရေး အဖွဲ့များသို့ သင့်လျော်သော စည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်ထုတ်ချေးနိုင်သည်။

၇။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ် အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေး အဖွဲ့များသည် စီမံကိန်းပါ လုပ်ငန်းစီမံချက်များအတွက် ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ပမှ ငွေချေးယူနိုင်သည်။

၉။ (က) ဝန်ကြီးအဖွဲ့သည် ဤအခန်း (၃)ပါ ကိစ္စရပ်များအားလုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအား လိုအပ်သော သတ်မှတ်ချက်များနှင့်အညီ လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်၊

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် ဤအခန်း (၃) အရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော် ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၀။ ၁၉၈၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၉၈၆ ခုနှစ်၊ မတ်လ ၃၁ ရက် နေ့တွင်ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း (၃) အရ ငွေချေး စာချုပ်ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူလက်ခံရရှိသည့်ငွေ စုစု ပေါင်းသည် ကျပ် လေးရာကုဋေ ပမာဏထက် မပိုစေရ။

ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့နှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန် အကောက် | နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်သူ့လွှတ်တော် | နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး သို့မဟုတ် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက တာဝန်ပေးသူ | | | ၈,၅၀၀ | | — | | | | | |
| ၂ | နိုင်ငံတော် ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် | ၎င်း | | | ၃၃,၈၇,၈၀၀ | | ... | | | | | |
| ၃ | ဝန်ကြီးအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂,၀၀၀ | | ၁,၅၀၀ | | | | | |
| ၄ | ပြည်သူ့တရားသူကြီးအဖွဲ့ | ပြည်သူ့ တရားသူကြီး အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၂,၆၁,၁၁,၀၀၀ | | — | | | | | |
| ၅ | ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ | ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌကတာဝန်ပေးသူ | | | ၂၉,၈၀၀ | | — | | | | | |
| ၆ | ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ | ပြည်သူ့ လုပ်ငန်း စစ်ဆေးရေး အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၂,၈၈,၅၀၀ | | — | | | | | |
| | ပေါင်း ... | | | | ၂,၉၈,၁၅,၆၀၀ | | ၁,၅၀၀ | | | | | |

## ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့နှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့

ဇယား (၂)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်သူ့လွှတ်တော် | နိုင်ငံတော်ကောင်စီအတွင်းရေးမှူး သို့မဟုတ် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက တာဝန်ပေးသူ | ၃,၃၅,၀၇,၉၃၀ | — | — | ၅,၄၄,၂၃၀ | | | | |
| ၂ | နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် | ရှင်း | ၂၈,၁၈,၉၂,၅၀၀ | — | ၈,၅၇,၀၀,၀၀၀ | ၁,၅၀,၈၂,၂၇၀ | | | | |
| ၃ | ဝန်ကြီးအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၄,၉၅,၈၇၀ | — | — | ၁၂,၁၂,၀၅၀ | | | | |
| ၄ | ပြည်သူ့တရားသူကြီးအဖွဲ့ | ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃,၉၄,၆၁,၉၃၀ | — | — | ၃၁,၁၀,၄၂၀ | | | | |
| ၅ | ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ | ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂,၃၀,၁၁,၃၀၀ | — | — | ၅၂,၀၈,၈၄၀ | | | | |
| ၆ | ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ | ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅,၅၄,၇၁,၂၅၀ | — | — | ၁၉,၁၀,၅၄၀ | | | | |
| | ပေါင်း ... | | ၄၇,၀၈,၄၀,၇၀၀ | — | ၈,၅၇,၀၀,၀၀၀ | ၂,၇၀,၆၈,၃၉၀ | | | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အမြဲသားဝမ်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူ ပြည်သားများ သုံးစွဲမှု အပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ် က တာဝန်ပေးသူ | | | | | | | | | | |
| ၁ | ယစ်မျိုးခွန် | | ၇၁,၉၄,၀၀၀ | | | | | | | | | |
| ၂ | ဝင်ကုန်အတွက် လိုင်စင်ခများ | | ၁၂,၀၀,၀၀,၀၀၀ | | | | | | | | | |
| ၃ | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု | | ၈,၄၀,၀၀,၀၀၀ | | | | | | | | | |
| ၄ | သယ်ယူပို့ဆောင်ရေးအခွန် | | ၉၀,၁၆,၆၀၀ | | | | | | | | | |
| ၅ | ကုန်စည်နှင့် ဝန်ဆောင်မှုခွန် | | ၂,၇၉,၉၆,၀၀,၀၀၀ | | | | | | | | | |
| ၆ | တံဆိပ်ခေါင်းရောင်းရငွေများ | | ၁,၄၄,၃၄,၃၀၀ | | | | | | | | | |
| ၂ | ဝင်ငွေနှင့် ပိုင်ဆိုင်မှု အပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ၎င်း | | | | | | | | | | |
| ၁ | ဝင်ငွေခွန် | | ၄,၇၁,၄၉,၀၀၀ | | | | | | | | | |
| ၂ | အမြတ်ခွန် | | ၂၀,၉၇,၃၅,၃၀၀ | | | | | | | | | |
| ၃ | အကောက်ခွန် | ၎င်း | | | | | | | | | | |
| ၁ | အကောက်ခွန် | | ၁,၀၆,၀၀,၀၀,၀၀၀ | | | | | | | | | |
| ၄ | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့် အပေါ် ကောက်ခံသည့် အခွန် အကောက် | ၎င်း | | | | | | | | | | |
| ၁ | မြေ ယာ ပေါ် တွင် ကောက်ခံသည့် အခွန် | | ၃,၈၀,၃၂,၉၀၀ | | | | | | | | | |
| ၂ | ရေခွန်နှင့် တာတမံခွန် | | ၁,၄၅,၉၉,၇၀၀ | | | | | | | | | |
| ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၁၃,၃၄,၉၃,၀၀၀ | | | | | | | | | |
| ၄ | ဓာတ်သတ္တု ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၇၆,၀၀,၀၀၀ | | | | | | | | | |
| ၅ | အင်းအိုင်ခွန် | | ၃,၁၉,၈၄,၀၀၀ | | | | | | | | | |
| ၆ | ကြက်ပေါင်စေးပေါ်တွင် ကောက်ခံသည့်အခွန် | | ၁,၃၅,၀၀၀ | | | | | | | | | |
| ၅ | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ၎င်း | | ၁,၆၇,၄၈,၀၄,၀၀၀ | | | | | | | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၆ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ် က တာဝန်ပေးသူ | | | ၂,၅၂,၉၆၀ | — | ၁,၂၄,၅၀၀ | — | .... | — | .... | |
| ၇ | ကာကွယ်ရေး | ၎င်း | | | ၁,၅၅,၀၀,၀၀၀ | — | — | — | .... | — | .... | |
| ၈ | ပြည်ထဲရေးနှင့် သာသနာရေး | ၎င်း | | | ၁,၉၁,၂၈,၀၀၀ | — | ၁,၅၂,၀၀၀ | ၂၈,၈၈,၀၀၀ | .... | — | .... | |
| ၉ | လူမှုဝန်ထမ်း | ၎င်း | | | ၁၂,၇၁,၈၉၀ | — | — | ၂၀,၀၇,၀၀၀ | .... | — | .... | |
| ၁၀ | ပြန်ကြားရေး | ၎င်း | | | ၁,၆၉,၁၀၀ | — | — | ၁,၃၀,၇၇,၀၀၀ | .... | — | .... | |
| ၁၁ | ယဉ်ကျေးမှု | ၎င်း | | | ၉,၀၆,၇၀၀ | — | — | .... | .... | — | .... | |
| ၁၂ | ပညာရေး | ၎င်း | | | ၁၀,၈၉,၂၂,၅၅၀ | — | — | ၁,၆၄,၅၈,၀၀၀ | .... | ၁,၁၂,၆၅,၀၀၀ | .... | |
| ၁၃ | ကျန်းမာရေး | ၎င်း | | | ၆၃,၆၃,၀၁၀ | — | — | ၅,၁၄,၆၃,၀၀၀ | .... | ၆,၀၅,၉၇,၀၀၀ | .... | |
| ၁၄ | အလုပ်သမား | ၎င်း | | | ၁၃,၄၆၀ | — | ၁၀၀ | ၆,၄၀၀ | .... | — | .... | |
| ၁၅ | လယ်ယာနှင့် သစ်တော | ၎င်း | | | ၁၅,၂၃,၇၁,၅၀၀ | — | ၅,၀၀,၀၀၀ | ၆,၅၂,၈၁,၀၀၀ | .... | ၂၂,၈၀,၄၉,၀၀၀ | .... | |
| ၁၆ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၎င်း | | | ၂,၄၉,၁၃,၂၅၀ | — | — | ၇,၀၀၀ | .... | — | .... | |
| ၁၇ | သတ္တုတွင်း | ၎င်း | | | ၂၃,၉၃,၀၀၀ | — | ၅,၀၀,၀၀၀ | ၈,၁၁,၀၀၀ | .... | .... | .... | |
| ၁၈ | အမှတ် (၁) စက်မှု | ၎င်း | | | ၁၁,၁၈,၉၇၀ | — | — | ၁,၈၃,၀၅,၀၀၀ | .... | — | .... | |
| ၁၉ | အမှတ် (၂) စက်မှု | ၎င်း | | | ၇၀၀ | .... | — | .... | .... | — | .... | |
| ၂၀ | ဆောက်လုပ်ရေး | ၎င်း | | | ၂,၅၅,၈၇,၆၃၀ | ၃,၂၂,၈၀၀ | .... | ၂၃,၆၀,၀၀၀ | ၅,၂၈,၆၀၀ | ၄,၈၃,၀၀,၀၀၀ | .... | |
| ၂၁ | ပို့ဆောင်ဆက်သွယ်ရေး | ၎င်း | | | ၁,၇၃,၇၅,၆၀၀ | — | — | ၂,၂၅,၆၄,၀၀၀ | .... | ၁,၃၁,၂၉,၀၀၀ | .... | |
| ၂၂ | ကုန်သွယ်ရေး | ၎င်း | | | ၆,၅၄,၀၈၀ | — | — | ၁၁,၃၃,၀၀၀ | — | — | .... | |
| ၂၃ | သမဝါယမ | ၎င်း | | | ၄၇,၉၂,၅၀၀ | — | — | ၁,၂၆,၇၄,၀၀၀ | — | — | — | |
| ၂၄ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၎င်း | | | ၆,၄၂,၉၁,၈၉၀ | ၂၆,၅၆,၁၁,၃၀၀ | ၇၀,၀၀၀ | ၁,၂၁,၇၁,၀၀၀ | ၃၉,၉၃,၀၄,၄၀၀ | ၃၄,၇၃,၈၀,၀၀၀ | ၇,၃၈,၂၅,၀၀၀ | |
| ၂၅ | ပင်စင်လစာငွေများနှင့် ထုတ်ငွေများ | ၎င်း | | | ၃,၀၀,၅၀၀ | — | — | .... | — | — | .... | |
| | ပေါင်း ... | | ၄,၅၇,၆၉,၇၃,၈၀၀ | ၁,၆၇,၄၈,၀၄,၀၀၀ | ၄၄,၆၃,၂၇,၂၉၀ | ၂၆,၅၉,၅၄,၁၀၀ | ၁၃,၄၉,၆၀၀ | ၂၂,၁၂,၀၅,၀၀၀ | ၃၉,၉၈,၃၃,၀၀၀ | ၇၀,၈၇,၂၀,၀၀၀ | ၇,၃၈,၂၅,၀၀၀ | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | သီးသန့်ရန်ပုံငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅,၆၂,၆၃,၆၀၀ | — | ၆,၉၂,၆၅၀ | ၃၁,၈၀,၄၃၀ | | | | | |
| ၂ | ကာကွယ်ရေး | ရှင်း | ၁,၅၅,၇၃,၃၉,၀၀၀ | — | — | ၂၆,၉၀,၁၄,၀၀၀ | | | | | |
| ၃ | ပြည်ထဲရေးနှင့် သာသနာရေး | ရှင်း | ၄၁,၂၂,၀၀,၀၀၀ | — | ၁,၂၁,၄၂,၀၀၀ | ၅,၉၉,၅၃,၀၀၀ | | | | | |
| ၄ | လူမှုဝန်ထမ်း | ရှင်း | ၁,၅၂,၄၇,၁၀၀ | — | ၃၂,၄၃,၉၄၀ | ၆၇,၁၁,၈၄၀ | | | | | |
| ၅ | မြန်ကြားရေး | ရှင်း | ၆,၂၁,၀၀,၀၀၀ | — | — | ၃,၄၆,၀၂,၄၇၀ | | | | | |
| ၆ | ယဉ်ကျေးမှု | ရှင်း | ၈၂,၃၁,၂၀၀ | — | ၁၂,၅၀၀ | ၅၁,၂၈,၇၈၀ | | | | | |
| ၇ | ပညာရေး | ရှင်း | ၈၅,၄၇,၃၃,၉၀၀ | — | ၁,၄၇,၀၀၀ | ၂၀,၃၃,၉၉,၅၉၀ | | | | | |
| ၈ | ကျန်းမာရေး | ရှင်း | ၃၉,၅၂,၀၆,၀၀၀ | — | ၃၃,၄၀,၆၅၀ | ၂၀,၁၆,၅၃,၆၁၀ | | | | | |
| ၉ | အလုပ်သမား | ရှင်း | ၈၇,၇၁,၈၀၀ | — | ၈၁,၇၀,၀၀၀ | ၅,၇၄,၀၃၀ | | | | | |
| ၁၀ | လယ်ယာနှင့် သစ်တော | ရှင်း | ၅၄,၅၇,၅၇,၀၀၀ | ၂,၆၄,၅၀၀ | ၃,၆၈,၅၀၀ | ၆၉,၃၀,၇၇,၄၁၀ | — | ၂၁,၁၆,၀၀၀ | | | |
| ၁၁ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ရှင်း | ၄,၄၄,၅၅,၂၀၀ | — | — | ၃,၀၆,၃၂,၂၇၀ | | | | | |
| ၁၂ | သတ္တုတွင်း | ရှင်း | ၃,၉၀,၂၄,၀၀၀ | — | — | ၁,၆၅,၄၃,၈၄၀ | | | | | |
| ၁၃ | အမှတ် (၁) စက်မှု | ရှင်း | ၁,၁၅,၁၉,၅၀၀ | — | — | ၃,၉၇,၅၈,၀၉၀ | | | | | |
| ၁၄ | အမှတ် (၂) စက်မှု | ရှင်း | ၆,၂၇,၅၀၀ | — | — | ၁,၇၅,၀၉၀ | | | | | |
| ၁၅ | ဆောက်လုပ်ရေး | ရှင်း | ၂၇,၀၀,၈၈,၀၀၀ | — | — | ၂၉,၃၅,၄၆,၄၁၀ | ၁၅,၀၀,၀၀၀ | | | | |
| ၁၆ | ပို့ဆောင်ဆက်သွယ်ရေး | ရှင်း | ၆,၉၈,၅၁,၀၀၀ | ၁၁,၀၂,၀၀၀ | ၁၀,၉၂,၀၀၀ | ၇,၇၂,၄၂,၇၆၀ | — | ၃၇,၇၃,၀၀၀ | | | |
| ၁၇ | ကုန်သွယ်ရေး | ရှင်း | ၆၇,၃၁,၂၀၀ | — | ၂,၅၀,၀၀၀ | ၁၀,၀၅,၇၂၀ | | | | | |
| ၁၈ | သမဝါယမ | ရှင်း | ၁၀,၅၈,၅၅,၀၀၀ | — | — | ၁,၀၃,၀၁,၆၁၀ | | | | | |
| ၁၉ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ရှင်း | ၁၀,၆၁,၈၅,၀၀၀ | ၂၈,၈၂,၉၁,၅၀၀ | ၄,၅၂,၇၈,၀၀၀ | ၂,၀၀,၄၅,၇၀၀ | — | ၃၂,၆၂,၀၀,၀၀၀ | ၃,၂၀,၉၆,၇၉၀ | ၁,၀၀,၂၂,၀၀၀ | |
| ၂၀ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ရှင်း | ၂၉,၁၀,၈၈,၀၀၀ | — | — | — | | | | | |
| ၂၁ | ဆုငွေများနှင့် တလုံးတည်းပင်စင်ငွေများ | ရှင်း | ၉,၃၉,၁၀,၀၀၀ | — | — | — | | | | | |
| ၂၂ | သီးသန့်ရန်ပုံငွေ | ဤရန်ပုံငွေမှ ထုတ်ယူ သုံးစွဲခွင့် ရှိသော နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်း၏ ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ဖော်ပြထားသော တာဝန်ခံ သို့မဟုတ် အဆိုပါပုဂ္ဂိုလ်က တာဝန်ပေးသူ | — | — | — | — | — | — | — | — | ၁၀,၀၀,၀၀,၀၀၀ |
| | ပေါင်း — | | ၄,၉၅,၆၀,၃၄,၀၀၀ | ၂၈,၉၆,၅၀,၀၀၀ | ၇,၄၀,၃၇,၂၄၀ | ၁,၉၆,၇၃,၄၆,၇၃၀ | ၁၅,၀၀,၀၀၀ | ၃၃,၂၀,၈၉,၀၀၀ | ၃,၂၀,၉၆,၇၉၀ | ၁,၀၀,၂၂,၀၀၀ | ၁၀,၀၀,၀၀,၀၀၀ |

# အပိုင်း ၄

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရင်းငွေများနှင့် သုံးငွေများ

(က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်း ရည်မှန်းချက်များအရမိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်၊

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေ များသည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်၊

(ဂ) နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများအတွက် တာဝန်ခံရမည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့်ပုဂ္ဂိုလ် ဖြစ်သည်၊

(ဃ) ရှိရင်းစွဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေကို စီမံခန့်ခွဲ

ရာ၌ ဇယား (၅) နှင့် (၆)တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံရသည့် ပုဂ္ဂိုလ်၏အမိန့်များ သို့မဟုတ် ညွှန်ကြားချက်များနှင့်အညီ လိုအပ်သည့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်ကြရမည်။

## အခန်း (၂)

## နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၂။ (က) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅)နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲ ပေးနိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများအတွက် နိုင်ငံတော်က စိုက်ထားသောငွေကိုဖြစ်စေ၊ ထုတ်ချေးထားသောငွေကိုဖြစ်စေ၊ ထောက်ပံ့ထားသောငွေကိုဖြစ်စေ အကျိုးတူရင်းနှီးမြှုပ်နှံမှု မ တည်ငွေအဖြစ် ပြောင်းလဲရန်လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်၊

(ဃ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းရည်မှန်းချက်များနှင့်အညီစီးပွားရေးဆန်ဆန် လုပ်ကိုင်ဆောင်ရွက်ကြရာ၌ အခြေပြုနိုင်ရန် ထိုအဖွဲ့အစည်း အသီးသီးအတွက် လုပ်ငန်း ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးကို သတ်မှတ်ပေးနိုင်သည်၊

( င ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများ၏ ကုန်ပစ္စည်း စျေးနှုန်းများနှင့် ဝန်ဆောင်ခနှုန်းထားများကို လိုအပ်သလို သတ်မှတ်ပေးနိုင်သည်၊

( စ ) ဝန်ကြီးအဖွဲ့သည် ထောက်ပံ့ငွေလိုသော နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းအား လိုအပ်သောစည်းကမ်းချက်များဖြင့် ထောက်ပံ့ငွေထုတ်ပေးနိုင်သည်၊

(ဆ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံရန်ဖြစ်စေ လိုအပ်သောငွေများကို ဘဏ်ဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်၊

( ဇ ) ပုဒ်မခွဲ (ဆ) ပါ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းဆိုသည့်စကားရပ်တွင် ဘဏ်ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမပါဝင်စေရ၊

(ဈ) ဝန်ကြီးအဖွဲ့သည် ပုဒ်မခွဲ (ဆ) ပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအား အပ်နှင်းနိုင်သည်။

## အခန်း (၃)

## နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၁၃။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် စီမံခန့်ခွဲရမည်၊

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများက မိမိတို့လုပ်ငန်းအရ ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြောင်းလဲနိုင်သည်၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းအသီးသီးသည် ပုဒ်မ ၁၂ ပုဒ်မခွဲ (ဆ) အရ ချေးယူလိုလျှင် ဝန်ကြီးအဖွဲ့က သတ်မှတ်ပေးသည့် ငွေထက် မကျော်လွန်ပဲ ချေးယူနိုင်သည်။

၁၄။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြသော ၁၉၇၅-၇၆ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်။

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန် အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနလက်အောက်ရှိစည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈,၁၀,၂၇,၂၁၀ | .... | ၁၆,၂၈,၅၅,၉၆၀ | .... | .... | .... | — | ၂,၂၆,၄၂,၀၆၀ | | |
| ၂ | ကာကွယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၂,၅၁,၇၇၀ | — | ၂၇,၉၉,၁၃၀ | | | | | | | |
| | ပေါင်း .... | | ၈,၁၂,၇၈,၉၀၀ | .... | ၁၆,၅၆,၅၅,၀၉၀ | .... | .... | .... | .... | ၂,၂၆,၄၂,၀၆၀ | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ — သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ — ထုတ်ချေးငွေ | ကြွေးမြီ — ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၀,၄၁,၇၅,၄၀၀ | .... | .... | ၉,၂၈,၂၁,၈၃၀ | .... | ၅၃,၂၂,၉၀၀ | | |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၂၄,၂၆,၆၀၀ | .... | .... | ၉,၃၇,၆၃၀ | | | | |
| | ပေါင်း ... | | ၂၀,၆၆,၀၂,၀၀၀ | .... | .... | ၉,၃၇,၅၉,၄၆၀ | .... | ၅၃,၂၂,၉၀၀ | | |

## အပိုင်း ၅

## စည်ပင်သာယာရေးအဖွဲ့များ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၁၅။ (က) စည်ပင်သာယာရေးအဖွဲ့များသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်၊

(ခ) ဇယား (၇)နှင့် (၈) တို့တွင် ဖော်ပြထားသော ငွေများသည် စည်ပင်သာယာရေးအဖွဲ့များက စီမံကိန်း၊ ရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်၊

(ဂ) စည်ပင်သာယာရေး အဖွဲ့များအတွက် တာဝန်ခံရမည့်ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇)နှင့် (၈) တို့တွင် ဖော်ပြထားသည့် ပုဂ္ဂိုလ်ဖြစ်သည်၊

(ဃ) ရှိရင်းစွဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ စည်ပင်သာယာရေးအဖွဲ့များသည် ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေကို စီမံခန့်ခွဲရာ၌ ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံရသည့်ပုဂ္ဂိုလ်၏အမိန့်များ သို့မဟုတ် ညွှန်ကြားချက်များနှင့်အညီ လိုအပ်သည့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်ကြရမည်။

## အခန်း (၂)

## စည်ပင်သာယာရေးအဖွဲ့များနှင့် စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၆။ (က) ဝန်ကြီးအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၇)နှင့် (ဂ)တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့သည် ထောက်ပံ့ငွေလိုသော စည်ပင်သာယာရေးအဖွဲ့အား လိုအပ်သော စည်းကမ်းချက်များဖြင့် ထောက်ပံ့ငွေထုတ်ပေးနိုင်သည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့များက လုပ်ငန်းလုပ်ကိုင်ရန်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံရန်ဖြစ်စေ လိုအပ်သောငွေများကို ဘဏ်ဥပဒေအရ တည်ထောင်ထားသောဘဏ်များမှချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်၊

(ဃ) ဝန်ကြီးအဖွဲ့သည် ပုဒ်မခွဲ (ဂ) ပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးအား အပ်နှင်းနိုင်သည်။

## အခန်း (၃)

## စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၇။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ဇယား (၇) နှင့် (ဂ) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် စီမံခန့်ခွဲရမည်၊

(ခ) ဇယား (၇)နှင့် (၈)တို့တွင် ဖော်ပြထားသော ငွေများကို စည်ပင်သာယာရေးအဖွဲ့များက မိမိတို့ လုပ်ငန်းအရ ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့်ပြောင်းလဲနိုင်သည်၊

(ဂ) စည်ပင်သာယာရေးအဖွဲ့အသီးသီးသည် ပုဒ်မ ၁၆ ပုဒ်မခွဲ (ဂ)အရ ချေးယူလိုလျှင် ဝန်ကြီးအဖွဲ့က သတ်မှတ်ပေးသည့် ငွေထက်မကျော်လွန်ပဲ ချေးယူနိုင်သည်။

၁၈။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ဇယား(၇) နှင့် (၈) တို့တွင် ဖော်ပြထားသောငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်သို့ တင်ပြသော ၁၉၈၅-၈၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်၊

(ခ) စည်ပင်သာယာရေး အဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော ရှိရင်းစွဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | အဖွဲ့ အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မတီနှင့် ဘဏ် စသည့် အဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၆,၂၃,၀၆,၄၉,၈၀၀ | | ၂,၀၀,၀၀,၀၀၀ | ၂၀,၉၉,၁၂,၀၀၀ | ၂,၆၂,၆၉,၄၀၀ | ၁,၇၆,၃၁,၈၃,၀၀၀ | |
| | ပေါင်း | | | | ၂၆,၂၃,၀၆,၄၉,၈၀၀ | | ၂,၀၀,၀၀,၀၀၀ | ၂၀,၉၉,၁၂,၀၀၀ | ၂,၆၂,၆၉,၄၀၀ | ၁,၇၆,၃၁,၈၃,၀၀၀ | |

## ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မတီနှင့် ဘဏ် စသည့်အဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မတီနှင့် ဘဏ် စသည့်အဖွဲ့ အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၅,၆၀,၄၃,၉၀,၉၀၀ | | | ၅,၂၇,၃၁,၁၉,၃၇၀ | ၂,၃၉,၃၁,၀၀၀ | ၁,၂၂,၂၀,၁၀,၄၀၀ | ၆,၂၅,၆၀,၀၀၀ | |
| | ပေါင်း ... | | ၂၅,၆၀,၄၃,၉၀,၉၀၀ | | | ၅,၂၇,၃၁,၁၉,၃၇၀ | ၂,၃၉,၃၁,၀၀၀ | ၁,၂၂,၂၀,၁၀,၄၀၀ | ၆,၂၅,၆၀,၀၀၀ | |

## အပိုင်း ၆

### အထွေထွေ

၁၉။ နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရ လျာထားသောရငွေတို့ထက်တိုး၍ သို့မဟုတ် လျော့၍ရသော ရငွေများနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ(ဃ)အရ ဝန်ကြီးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်၏ နောက်ထပ်ရငွေ သုံးငွေအဖြစ် တင်ပြတောင်းခံခွင့်မရှိစေရ။ သို့ရာတွင် ပုဒ်မ ၅ ၌ပါရှိသော စည်းကမ်းချက်များနှင့် ညီညွတ်သည့် အသုံးစရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့် ရန်ပုံငွေနှင့် လုံလောက်ခြင်း မရှိပါက အသုံးစရိတ် တစ်ခုချင်းအတွက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်သူ့လွှတ်တော်သို့ တင်ပြတောင်းခံနိုင်သည်။

# ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့်
# ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၈ ]

ပြည်သူ့လွှတ်တော်သည်အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့်ဥပဒေပုဒ်မ ၄ အောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၄–က အဖြစ် ဖြည့်စွက်ရမည်—

> ၄–က။ နိုင်ငံတော် ဒုတိယ သမ္မတအတွက် လစဉ်ထောက်ပံ့ကြေးမှာ ကျပ် ၃၃၀၀ ဖြစ်သည်။ ယင်း ထောက်ပံ့ကြေးအပေါ်တွင် ဝင်ငွေခွန် စည်းကြပ်ခြင်းမှ ကင်းလွတ်စေရမည်။

၃။ ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့် ဥပဒေပုဒ်မ ၂၅၊ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ ပုဒ်မခွဲ (က) တို့တွင် နိုင်ငံတော် သမ္မတဆိုသည့်စကားရပ်နောက်၌ နိုင်ငံတော် ဒုတိယ သမ္မတဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၄။ ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့် ဥပဒေနောက်ဆက်တွဲဇယား (ခ) ကို နောက်ဆက်တွဲဇယား (ခ-၁) ဖြင့် အစားထိုးရမည်။

၅။ ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့် ဥပဒေနောက်ဆက်တွဲဇယား (ဂ) ကို နောက်ဆက်တွဲဇယား (ဂ-၁) ဖြင့် အစားထိုးရမည်။

## ပြည်သူ့ကိုယ်စားလှယ်များ ခံစားခွင့်ရှိသော နေ့တွက်စရိတ်များဇယား

| အမှတ်စဉ် | | ပြည်သူ့ကိုယ်စားလှယ်အဆင့် | ပြည်သူ့လွှတ်တော်/ပြည်သူ့ကောင်စီဆိုင်ရာ အစည်းအဝေး တက်ရောက်ခြင်း — ပုံမှန်/အထူး/အရေးပေါ် အစည်းအဝေး | ကော်မရှင်/ကော်မတီ အစည်းအဝေး | သဘာပတိအဖွဲ့ အစည်းအဝေး | ရေးရာကော်မတီ အစည်းအဝေး | အာဏာပိုင်အဖွဲ့အစည်း တာဝန်အရ ခရီးလှည့်လည်ခြင်း | အခြားတာဝန် ကိစ္စရပ်များ ဆောင်ရွက်ခြင်း |
|---|---|---|---|---|---|---|---|---|
| (၁) | | (၂) | (၃) က | (၃) ခ | (၃) ဂ | (၃) ဃ | (၄) | (၅) |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | | **ပြည်သူ့လွှတ်တော်အဆင့်** | | | | | | |
| | ၁ | နိုင်ငံတော်သမ္မတ/နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ | .... | .... | .... | .... | * | .... |
| | ၂ | နိုင်ငံတော် ဒုတိယသမ္မတ/နိုင်ငံတော်ကောင်စီဒုတိယဥက္ကဋ္ဌ | .... | .... | .... | .... | * | .... |
| | ၃ | နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး | .... | .... | .... | .... | * | .... |
| | ၄ | ဝန်ကြီးချုပ် | .... | .... | .... | .... | * | .... |
| | ၅ | နိုင်ငံတော်ကောင်စီဝင် | .... | .... | .... | .... | ၃၀ | .... |
| | ၆ | ဗဟိုအာဏာပိုင်အဖွဲ့အစည်း ဥက္ကဋ္ဌများ | .... | .... | .... | .... | ၃၀ | .... |
| | ၇ | ဗဟိုအာဏာပိုင်အဖွဲ့အစည်းဝင်များ | .... | .... | .... | .... | ၂၅ | .... |
| | ၈ | ဒုတိယဝန်ကြီးများ | .... | .... | .... | .... | ၂၀ | .... |
| | ၉ | သဘာပတိအဖွဲ့ဝင်များ | ၄၀ | ၂၅ | ၄၀ | .... | .... | ၂၀ |
| | ၁၀ | ရေးရာကော်မတီဝင်များ | ၃၀ | ၂၅ | .... | ၂၅ | .... | ၂၀ |
| | ၁၁ | ကျန်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ | ၃၀ | ၂၅ | .... | .... | .... | ၂၀ |
| ၂ | | **ပြည်နယ်/တိုင်းအဆင့်** | | | | | | |
| | ၁၂ | ပြည်သူ့ကောင်စီဥက္ကဋ္ဌ | .... | ** | .... | .... | ၁၀ | ၁၀ |
| | ၁၃ | တရားသူကြီး/လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌများ | .... | ** | .... | .... | ၁၀ | ၁၀ |
| | ၁၄ | အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး | .... | ** | .... | .... | ၁၀ | ၁၀ |
| | ၁၅ | အလုပ်အမှုဆောင်/တရားသူကြီး/လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အဖွဲ့ဝင်များ | .... | ** | .... | .... | ၁၀ | ၁၀ |
| | ၁၆ | သဘာပတိအဖွဲ့ဝင်များ | ၂၀ | ** | ၂၀ | .... | .... | ၁၀ |
| | ၁၇ | ရေးရာကော်မတီဝင်များ | ၁၅ | ** | .... | ၁၀ | .... | ၁၀ |
| | ၁၈ | ကျန်ပြည်သူ့ကိုယ်စားလှယ်များ | ၁၅ | ** | .... | .... | .... | ၁၀ |
| ၃ | | **မြို့နယ်အဆင့်** | | | | | | |
| | ၁၉ | ပြည်သူ့ကောင်စီဥက္ကဋ္ဌ | .... | ** | .... | .... | ၁၀ | ၁၀ |
| | ၂၀ | တရားသူကြီး/လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌများ | .... | ** | .... | .... | ၁၀ | ၁၀ |
| | ၂၁ | အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး | .... | ** | .... | .... | ၁၀ | ၁၀ |
| | ၂၂ | အလုပ်အမှုဆောင်/တရားသူကြီး/လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အဖွဲ့ဝင်များ | .... | ** | .... | .... | ၁၀ | ၁၀ |
| | ၂၃ | သဘာပတိအဖွဲ့ဝင်များ | ၁၅ | ** | ၁၅ | .... | .... | ၁၀ |
| | ၂၄ | ရေးရာကော်မတီဝင်များ | ၁၀ | ** | .... | ၁၀ | .... | ၁၀ |
| | ၂၅ | ကျန်ပြည်သူ့ကိုယ်စားလှယ်များ | ၁၀ | ** | .... | .... | .... | ၁၀ |
| ၄ | | **ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်** | | | | | | |
| | ၂၆ | ပြည်သူ့ကောင်စီဥက္ကဋ္ဌ | .... | ** | .... | .... | .... | ၁၀ |
| | ၂၇ | အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး | .... | ** | .... | .... | .... | ၁၀ |
| | ၂၈ | တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ | ၁၀ | ** | .... | .... | .... | ၁၀ |
| | ၂၉ | အလုပ်အမှုဆောင်/တရားသူကြီးအဖွဲ့ အဖွဲ့ဝင် | ၁၀ | ** | .... | .... | .... | ၁၀ |
| | ၃၀ | သဘာပတိအဖွဲ့ဝင် | ၁၂ | ** | ၁၂ | .... | .... | ၁၀ |
| | ၃၁ | ကျန်ပြည်သူ့ကိုယ်စားလှယ်များ | ၁၀ | ** | .... | .... | .... | ၁၀ |

မှတ်ချက်။ ။(၁)။* နိုင်ငံတော်သမ္မတ၊ နိုင်ငံတော် ဒုတိယ သမ္မတ၊ နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးနှင့် ဝန်ကြီးချုပ်တို့ တာဝန်အရ ခရီးလှည့်လည်လျှင် အထူးအစီအစဉ် ပြုလုပ်သတ်မှတ်ပေးရန်။

(၂)။** ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသည့်ကော်မရှင်နှင့် ကော်မတီများတွင်ပါဝင်သော လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများသည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနည်းတူ ခံစားခွင့်ရှိသည်။

(၃)။ စာတိုင် (၅) ရှိ အခြားတာဝန်ကိစ္စရပ်များ ဆောင်ရွက်ခြင်းဆိုသည်မှာ အထက်အာဏာပိုင်အဖွဲ့အစည်းများကခေါ်ယူခြင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကကျင်းပသည့် ညီလာခံများ၊ အစည်းအဝေးများနှင့် သင်တန်းများသို့ ပြည်သူ့ကိုယ်စားလှယ်အနေဖြင့် တက်ရောက်ခြင်း၊ တရားစီရင်ရေးအဖွဲ့ လုပ်ငန်းစစ်ဆေးရေးအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတက်ရောက်ခြင်းနှင့် ညွှန်ကြားချက်များနှင့်အညီ ဆေးဝါးကုသရန် သွားရောက်ခြင်းများကို ဆိုလိုသည်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ခရီးစရိတ်နှင့် အခြားခံစားခွင့်များ

| အမှတ်စဉ် | တာဝန်အဆင့် | ခရီးစရိတ် | အခြားခံစားခွင့်များ | | | | |
|---|---|---|---|---|---|---|---|
| | | | နေအိမ် သို့မဟုတ် နေအိမ်စရိတ် | မော်တော်ယာဉ်သုံးပိုင်ခွင့် ဦးရေ | ဉယျာဉ်အလုပ်သမား | အိမ်အကူ | လုံခြုံရေးအစောင့်အရှောက် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | နိုင်ငံတော် သမ္မတ/နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ .... | နိုင်ငံတော်က အထူး အစီအစဉ်ဖြင့် ဆောင်ရွက်ရန် | အထူး မွမ်း မံ ဆင် ယင် ထား သည့် နေအိမ် အခမဲ့ နေထိုင်ခွင့် | လိုအပ်မည့် အရေအတွက်နှင့် မော်တော်ယာဉ်မောင်း စ သည် တို့ ကို ဝန်ထမ်းအဖွဲ့ ဖွဲ့စည်းပုံတွင်ထည့်သွင်း သတ်မှတ်ထားရှိရန် | လိုအပ်သော ဝန်ထမ်း အင်အား တစ်ရပ်ကို ဖွဲ့စည်းပုံဖြင့် သတ်မှတ် ထားရှိရန် | လိုအပ်သော ဝန်ထမ်း အင်အား တစ်ရပ်ကို ဖွဲ့စည်းပုံဖြင့် သတ်မှတ် ထားရှိရန် | နေ အိမ် / ကိုယ် ရေး အ စောင့် အရှောက်များကို အထူးအစီအစဉ် ဖြင့် ပြုလုပ်ပေးရန် |
| ၂ | နိုင်ငံတော် ဒုတိယ သမ္မတ/နိုင်ငံတော်ကောင်စီ ဒုတိယ ဥက္ကဋ္ဌ .... | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း |
| ၃ | နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး .... | ၎င်း | သင့်တင့် လျောက်ပတ်စွာ မွမ်းမံ ဆင်ယင် ထားသည့် နေအိမ် အခမဲ့ နေထိုင်ခွင့် (သို့မဟုတ်) အိမ်လခ တစ်လ ၂၅၀ ကျပ် | ၃ စီး | ၎င်း | ၎င်း | ၎င်း |
| ၄ | ဝန်ကြီးချုပ် .... | ၎င်း | ၎င်း | ၃ စီး | ၃ | ၅ | နေအိမ် အ စောင့် အ ရှောက်များ ထားရှိပေးရေးကို လုံ ခြုံ ရေး အဖွဲ့ အစည်းများက စီ စဉ် ပေးရန် |
| ၅ | နိုင်ငံတော်ကောင်စီဝင် .... | အမှန် ကုန်ကျ စရိတ်ကို ခံစားခွင့် ပြုရန် | ၎င်း | ၁ စီး | ၁ | ၂ | ၎င်း |
| ၆ | ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ .... | ၎င်း | ၎င်း | ၁ စီး | ၁ | ၂ | ၎င်း |
| ၇ | ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ .... | ၎င်း | ၎င်း | ၁ စီး | ၁ | ၂ | ၎င်း |
| ၈ | ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ .... | ၎င်း | ၎င်း | ၁ စီး | ၁ | ၂ | ၎င်း |
| ၉ | ဒုတိယ ဝန်ကြီးချုပ် .... | ၎င်း | ၎င်း | ၁ စီး | ၁ | ၂ | ၎င်း |
| ၁၀ | ဝန်ကြီး .... | ၎င်း | ၎င်း | ၁ စီး | ၁ | ၂ | နေအိမ်အစောင့်အရှောက်ကို အချိန် ပြည့်ထားရှိခြင်းမျိုးမဟုတ်ဘဲလိုအပ် သည့်အခါ လုံခြုံရေး အဖွဲ့ အစည်း များက စီစဉ်ပြုလုပ်ပေးရန် |
| ၁၁ | ပြည်သူ့တရားသူကြီးအဖွဲ့ဝင် .... | ၎င်း | ၎င်း | ၁ စီး | ၁ | ၂ | ၎င်း |
| ၁၂ | ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင် .... | ၎င်း | ၎င်း | ၁ စီး | ၁ | ၂ | ၎င်း |
| ၁၃ | ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် .... | ၎င်း | ၎င်း | ၁ စီး | ၁ | ၂ | ၎င်း |
| ၁၄ | ဒုတိယဝန်ကြီး .... | ၎င်း | ၎င်း | ၁ စီး | ၁ | ၂ | ၎င်း |

| အမှတ်စဉ် | တာဝန်အဆင့် | ခရီးစရိတ် | အခြားခံစားခွင့်များ | | | | |
|---|---|---|---|---|---|---|---|
| | | | နေအိမ် သို့မဟုတ် နေအိမ်စရိတ် | မော်တော်ယာဉ်သုံးပိုင်ခွင့် ဦးရေ | ဥယျာဉ်အလုပ်သမား | အိမ်အကူ | လုံခြုံရေး အစောင့်အရှောက် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁၅ | သဘာပတိအဖွဲ့ဝင် .... | လေယာဉ်ခ၊ မီးရထား အထက်တန်းခ၊ သင်္ဘောအထက်တန်းခ၊ မိမိကိုယ် ပိုင် ယာဉ် ဖြင့် သွား ရ လျှင် ယင်း ခ ရီး အ တွက် မီး ရ ထား (သို့မဟုတ်) သင်္ဘောအထက်တန်းခ ကုန်ကျစရိတ်၊ ပြည် သူ ပိုင် ယာဉ် ပြေးဆွဲခြင်း မရှိသော ခရီးစဉ်များတွင် မော်တော်ယာဉ်၊ ရေယာဉ်၊ တိရစ္ဆာန်ယာဉ်ဖြင့် သွား ရ လျှင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက သတ်မှတ်ထားရှိသည့် နှုန်းထား ကုန်ကျစရိတ်။ | .... | .... | .... | .... | .... |
| ၁၆ | လွှတ်တော်ရေးရာ ကော်မတီအတွင်းရေးမှူး .... | ၎င်း | .... | .... | .... | .... | .... |
| ၁၇ | လွှတ်တော်ရေးရာကော်မတီဝင် .... | ၎င်း | .... | .... | .... | .... | .... |
| ၁၈ | လွှတ်တော်က ဖွဲ့စည်းပေးသော ကော်မရှင်အဖွဲ့ဝင်.... | ၎င်း | .... | .... | .... | .... | .... |
| ၁၉ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် .... | ၎င်း | .... | .... | .... | .... | .... |

# အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၉ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားထောက်လှမ်းရေးအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (က) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်—

(က) အရေးကြီးသော ကိစ္စရပ်များကို နိုင်ငံတော်သမ္မတ၊ နိုင်ငံတော် ဒုတိယသမ္မတနှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးထံ တင်ပြ၍ အဆုံးအဖြတ် ရယူရမည်။

၃။ အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ခ) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်—

(ခ) အမျိုးသားထောက်လှမ်းရေးအဖွဲ့သည် အစီရင်ခံစာများကို အကျဉ်းချုပ်၍ သုံးသပ်ချက်နှင့်အတူ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော် ဒုတိယသမ္မတနှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးထံ တင်ပြရမည်။ လိုအပ်ပါက သက်ဆိုင်သည့် အာဏာပိုင် အဖွဲ့အစည်းသို့သာ ပေးပို့ရမည်။

# နိုင်ငံရေးပင်စင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# နိုင်ငံရေးပင်စင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၀ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပင်စင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ (က) နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) နှင့် (၃) တို့ကို ပုဒ်မ ၇ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) နှင့် (၄) တို့အဖြစ် ပြင်ဆင်ရမည်၊

(ခ) အောက်ပါ ပုဒ်မခွဲငယ်ကို ပုဒ်မ ၇ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အဖြစ် ဖြည့်စွက်ရမည်—

(၂) နိုင်ငံတော်ကောင်စီ ဒုတိယ ဥက္ကဋ္ဌ.... ကျပ် ၁၉၅၀
နိုင်ငံတော် ဒုတိယ သမ္မတ

၃။ (က) နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (င) ပါ အကြောင်းအရာ အားလုံးကို ပယ်ဖျက်ရမည်၊

(ခ) နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့ကို ပုဒ်မ ၉ ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် (င) အဖြစ် ပြင်ဆင်ရမည်၊

(ဂ) အောက်ပါ ပုဒ်မခွဲကို ပုဒ်မ ၉ ပုဒ်မခွဲ (ခ) အဖြစ် ဖြည့်စွက်ရမည်—

(ခ) ပါတီ ဒုတိယဥက္ကဋ္ဌ .... ကျပ် ၁၉၅၀

၄။ နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ဠ) ဗဟိုဌာနမှူးများ ဆိုသည့် စကားရပ်ကို ဗဟိုဌာနကြီးမှူးများ ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ နိုင်ငံရေးပင်စင်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ဌ) ဗဟို လုပ်ငန်း အဖွဲ့အစည်းဌာနမှူး ဆိုသည့် စကားရပ်ကို ဗဟိုလုပ်ငန်း အဖွဲ့အစည်း ဌာနကြီးမှူးများဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ဍ) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်—

(ဍ) ဗဟိုနိုင်ငံရေးတက္ကသိုလ်ကျောင်းအုပ်ကြီး... ကျပ် ၁၅၀၀

၇။ (က) နိုင်ငံရေးပင်စင်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (န) ပါ အကြောင်းအရာအားလုံးကို ပယ်ဖျက်ရမည်၊

(ခ) နိုင်ငံရေးပင်စင် ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ပ)၊ (ဖ)၊ (ဗ)၊ (ဘ) နှင့် (မ) တို့ကို ပုဒ်မ ၉ ပုဒ်မခွဲ (န)၊ (ပ)၊ (ဖ)၊ (ဗ) နှင့် (ဘ) အဖြစ် ပြင်ဆင်ရမည်။

# ကျွဲနွားတိရစ္ဆာန်ကျော်နင်းမှု ဥပဒေ

# ကျွဲနွားတိရစ္ဆာန်ကျော်နင်းမှု ဥပဒေ

[၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၁]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို ကျွဲနွားတိရစ္ဆာန် ကျော်နင်းမှုဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် အောက်ပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **ကျွဲနွားတိရစ္ဆာန်** ဆိုရာတွင် ဆင်၊ ကျွဲ၊ နွား၊ နွားနောက်၊ မြင်း၊ မြည်း၊ လား၊ ဝက်၊ သိုး၊ ဆိတ်တို့ ပါဝင်သည်၊

(ခ) **ကျွဲနွားတိရစ္ဆာန်ထောင်** ဆိုသည်မှာ ကျွဲ နွား တိရစ္ဆာန်များကို ထိန်းသိမ်းရန် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က သတ်မှတ်သည့်နေရာကိုဆိုသည်၊

(ဂ) **သီးခြားကော်မတီ** ဆိုသည်မှာ စည်ပင်သာယာရေးဥပဒေအရ ဖွဲ့စည်းထားသည့် သီးခြားကော်မတီကို ဆိုသည်၊

(ဃ) **ပိုင်ရှင်** ဆိုသည်မှာ ကျွဲ နွားတိရစ္ဆာန်များကို ပိုင်ဆိုင်သူ၊ သို့မဟုတ် ယင်းက ကျွဲနွားတိရစ္ဆာန်များနှင့် စပ်လျဉ်း၍ လွှဲအပ်ထားသူကို ဆိုသည်။

## အခန်း (၂)

## ကျွဲနွားတိရစ္ဆာန်ထောင်များ သတ်မှတ်ခြင်းနှင့် ကျွဲနွားတိရစ္ဆာန်ထောင်မှူးခန့်အပ်ခြင်း

၃။ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ သို့မဟုတ် သီးခြားကော်မတီသည်—

(က) လိုအပ်သည့်နေရာများတွင် ကျွဲနွား တိရစ္ဆာန်ထောင်များကို သတ်မှတ်ထားရှိနိုင်သည်၊

(ခ) မိမိမြို့နယ်အတွင်းရှိ ကျွဲနွား တိရစ္ဆာန်ထောင်များကို ကွပ်ကဲရမည်၊

(ဂ) ဖမ်းဆီးထိန်းသိမ်းထားသော ကျွဲနွား တိရစ္ဆာန်များ အစာရေစာ တိုက်ကျွေးစရိတ်နှုန်းထားကို အခါအား လျော်စွာ သတ်မှတ်ရမည်။

၄။ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးသည် မိမိ၏တာဝန်များအပြင် ကျွဲနွား တိရစ္ဆာန်ထောင်မှူးအဖြစ်လည်း တာဝန်ထမ်းဆောင်ရမည်။

## အခန်း (၃)

## ကျွဲနွားတိရစ္ဆာန်ဖမ်းဆီးခြင်းနှင့် ကျွဲနွားတိရစ္ဆာန်ထောင်မှူး၏ တာဝန်များ

၅။ ကျွဲနွားတိရစ္ဆာန်ထောင်မှူးသည် သတ်မှတ်ထားသော မှတ်ပုံတင်စာအုပ်ကိုထားရှိ၍ သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ သတ်မှတ်သည့်အတိုင်း အစီရင်ခံပြီး လိုအပ်ပါက သီးခြားကော်မတီသို့ အကြောင်းကြားရမည်။

၆။ (က) ဖမ်းဆီးလာသော ကျွဲနွားတိရစ္ဆာန်များနှင့် စပ်လျဉ်း၍ ကျွဲနွားတိရစ္ဆာန်ထောင်မှူးသည် မှတ်ပုံတင် စာအုပ်တွင် အောက်ပါအချက်အလက်များကို ရေးသွင်းရမည်-

(၁) တိရစ္ဆာန်အရေအတွက်၊ အမျိုးအမည်၊ အရောင်၊ ပုံပန်းသဏ္ဌာန်နှင့် အခြေအနေ၊

(၂) ဖမ်းဆီးသည့် နေ့ရက်နှင့် အချိန်၊

(၃) ဖမ်းဆီးသူ၏အမည်နှင့် နေရပ်လိပ်စာ၊

(၄) ပိုင်ရှင်၏အမည်နှင့် နေရပ်လိပ်စာ (သိရှိလျှင်)၊

(ခ) ကျွဲနွားတိရစ္ဆာန်ထောင်မှူးသည် ပုဒ်မခွဲ(က)ပါရေးသွင်းချက်မိတ္တူကို ဖမ်းဆီးသူအား ပေးအပ်ရမည်။

၇။ ကျွဲနွား တိရစ္ဆာန်ထောင်မှူးသည် ဖမ်းဆီး ထိန်းသိမ်းထားသော ကျွဲနွားတိရစ္ဆာန်များအား ဖမ်းဆီးထိန်းသိမ်းထားသည့် ကာလအတွင်း သတ်မှတ်ထားသော နှုန်းထားအတိုင်း အစာရေစာကို တိုက်ကျွေးခြင်း၊ စောင့်ရှောက်ခြင်းပြုရမည်။

၈။ ကျွဲနွားတိရစ္ဆာန်ထောင်မှူးသည် သတ်မှတ်ထားသည့် ဒဏ်ငွေနှုန်း၊ ကျွဲနွားတိရစ္ဆာန်များ အစာရေစာတိုက်ကျွေးစရိတ်နှုန်းတို့ကို ကျွဲနွားတိရစ္ဆာန်ထောင်၊ သို့မဟုတ် ကျွဲနွားတိရစ္ဆာန်ထောင်အနီးတွင် အများပြည်သူမြင်သာသည့်နေရာ၌ ကပ်ထားရမည်။

၉။ ကျွဲနွားတိရစ္ဆာန်ထောင်မှူးသည်-

(က) သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ သို့မဟုတ် သီးခြား ကော်မတီက သတ်မှတ်သည့် နှုန်းထားအတိုင်း ဖမ်းဆီး ထိန်းသိမ်းထားသော ကျွဲနွားတိရစ္ဆာန်တစ်ကောင်စီအတွက် ဒဏ်ငွေတပ်ရိုက်ရမည်၊

(ခ) ဒဏ်ငွေများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ သို့မဟုတ် သီးခြား ကော်မတီသို့ ပေးအပ်ရမည်။

၁၀။ မည်သူမဆို သီးနှံစိုက်ပျိုးထားသော လယ်ယာမြေ၊ သတ်မှတ်ထားသော နေရာ၊ အဆောက်အအုံ၊ ပစ္စည်းတို့ကို ပျက်စီးအောင်ပြုသည့်၊ သို့မဟုတ် ကျော်နင်းဝင်ရောက်နေသည့် ကျွဲနွားတိရစ္ဆာန်များကို ဖမ်းဆီးနိုင်သည်။

၁၁။ ပိုင်ရှင်ကသော်လည်းကောင်း၊ အခြားတစ်ဦးဦးက သော်လည်းကောင်း ဖမ်းဆီးခြင်းကို ခုခံလျှင်ဖြစ်စေ၊ ဖမ်းဆီးထားရာမှ အဓမ္မနည်းဖြင့် ပြန်ယူလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ သို့မဟုတ် ပြည်သူ့ရဲတပ်ဖွဲ့၏ အကူအညီကို ရယူနိုင်သည်။

၁၂။ ပုဒ်မ ၁၀ အရ ဖမ်းဆီးထားသည့် ကျွဲနွား တိရစ္ဆာန်များကို နှစ်ဆယ့်လေးနာရီအတွင်း သက်ဆိုင်ရာ ကျွဲနွား တိရစ္ဆာန် ထောင်သို့ ပို့ရမည်။

## အခန်း (၄)

## ကျွဲနွားတိရစ္ဆာန် ပြန်လည်ပေးအပ်ခြင်း၊ ရောင်းချခြင်း

၁၃။ ဖမ်းဆီးထိန်းသိမ်းထားသော ကျွဲနွား တိရစ္ဆာန်သည် လယ်ယာမြေကို လုပ်ကိုင်ရာ၌ အသုံးပြုသည့် ကျွဲနွားတိရစ္ဆာန်ဖြစ်ပါက ပိုင်ရှင်က ခံဝန်ချုပ်ပြုလုပ်၍ တောင်းခံလျှင် ကျွဲနွားတိရစ္ဆာန် ထောင်မှူးသည် ယင်း ကျွဲနွားတိရစ္ဆာန်ကို ပြန်လည်ပေးအပ်ရမည်။

၁၄။ ပုဒ်မ ၁၃ နှင့်အကျုံးမဝင်သော ဖမ်းဆီးထိန်းသိမ်းထားသည့် ကျွဲနွားတိရစ္ဆာန်ကို ပိုင်ရှင်ကတောင်းခံလျှင် ဒဏ်ငွေများ၊ ကျသင့်သော စရိတ်များကို ပေးဆောင်စေပြီးမှ ထိုကျွဲနွားတိရစ္ဆာန်ကို ကျွဲနွားတိရစ္ဆာန် ထောင်မှူးက ပြန်လည်ပေးအပ်ရမည်။

၁၅။ ကျွဲနွားတိရစ္ဆာန်ကို တစ်ဆယ့်လေးရက်အတွင်း တောင်းခံခြင်း မပြုလျှင် ကျွဲနွားတိရစ္ဆာန်ထောင်မှူးသည် အောက်ပါအတိုင်းဆောင်ရွက်ရမည်—

(က) ဖမ်းဆီးထားသော ကျွဲနွားတိရစ္ဆာန် အရေအတွက်၊ အမျိုးအစား၊ အရောင်နှင့် ပုံပန်းသဏ္ဌာန်၊ ဖမ်းဆီးသောနေရာ၊ ထိန်းသိမ်းထားသောနေရာများကို ဖော်ပြသည့် ကြော်ငြာစာကို အများပြည်သူမြင်သာသော နေရာတွင် ကပ်ရမည်၊

(ခ) အခြား သင့်လျော်သော နည်းဖြင့်လည်း အများပြည်သူ သိရှိရန် ပြုလုပ်ရမည်။

၁၆။ ပုဒ်မ ၁၅ အရ ဆောင်ရွက်ပြီးနောက် ဖမ်းဆီး ထိန်းသိမ်းထားသော ကျွဲနွားတိရစ္ဆာန်ကို တစ်ဆယ့်လေးရက်အတွင်း လာရောက်တောင်းခံခြင်းမပြုလျှင် ကျွဲနွားတိရစ္ဆာန်ထောင်မှူးသည် အခြေအနေကို သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ သို့မဟုတ် သီးခြားကော်မတီသို့ တင်ပြရမည်။

၁၇။ ကျွဲနွားတိရစ္ဆာန်ထောင်မှူးသည် ပုဒ်မ ၁၃ နှင့် အကျုံးမဝင်သော ကျွဲနွားတိရစ္ဆာန်ကို မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ သို့မဟုတ် သီးခြားကော်မတီက သတ်မှတ်ပေးသော ကြမ်းခင်းဈေးထက် မလျော့နည်းစေပဲ လေလံတင်ရောင်းချရမည်။

၁၈။ လေလံတင်ရောင်းချစဉ် ပိုင်ရှင်ကလာရောက်၍ ကျသင့်သည့် ဒဏ်ငွေနှင့် စရိတ်များကိုပေးဆောင်လျှင် ဖမ်းဆီး ထိန်းသိမ်းထားသော ကျွဲနွားတိရစ္ဆာန်ကို ထိုသူအား ပြန်လည်ပေးအပ်ရမည်။

၁၉။ ပုဒ်မ ၁၃ နှင့် အကျုံးမဝင်သော ကျွဲနွားတိရစ္ဆာန်ကို လေလံတင်ရောင်းချသည့်အခါ သတ်မှတ်ပေးသော ကြမ်းခင်းဈေးကို မရရှိပါက မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ သို့မဟုတ် သီးခြားကော်မတီသည် သင့်လျော်သလို ထိုကျွဲနွားတိရစ္ဆာန်များကို ထုခွဲနိုင်သည်။

၂၀။ ကျွဲနွားတိရစ္ဆာန်ထောင်မှူးသည် ကျွဲနွားတိရစ္ဆာန်များအတွက် အစာရေစာ တိုက်ကျွေးစရိတ်နှင့် သတ်မှတ်ထားသော လေလံတင်စရိတ်တို့ကို လေလံတင်ရောင်းချ၍ ရရှိသည့်ငွေမှ နုတ်ယူ၍ ပိုလျှံငွေကို သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ သို့မဟုတ် သီးခြားကော်မတီသို့ ပေးအပ်ရမည်။

၂၁။ ဖမ်းဆီးထားခြင်းကို ပိုင်ရှင်က ကန့်ကွက်လိုလျှင် အစာရေစာ တိုက်ကျွေးစရိတ်နှင့် ဒဏ်ငွေကို ပေးဆောင်စေပြီးမှ ကျွဲနွားတိရစ္ဆာန်ထောင်မှူးသည် ဖမ်းဆီး ထိန်းသိမ်းထားသော ကျွဲနွားတိရစ္ဆာန်ကို ပိုင်ရှင်အား ပြန်လည်ပေးအပ်ရမည်။

၂၂။ ကျွဲနွားတိရစ္ဆာန် ဖမ်းဆီးသူသည်လည်းကောင်း၊ ကျွဲနွားတိရစ္ဆာန်ထောင်မှူးသည်လည်းကောင်း ဤဥပဒေအရ လေလံတင် ရောင်းချသော ကျွဲနွားတိရစ္ဆာန်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လေလံဆွဲခြင်း မပြုရ။

## အခန်း (၅)

### တရားမဝင် ဖမ်းဆီးထိန်းသိမ်းခြင်းကို ကန့်ကွက်ခြင်း

၂၃။ ကျွဲနွားတိရစ္ဆာန် ပိုင်ရှင်သည် ပုဒ်မ ၂၁ အရ ဆောင်ရွက်ပြီးနောက် ကျွဲနွားတိရစ္ဆာန်ကို ဖမ်းဆီးသည့်နေ့မှစ၍ တစ်ဆယ်ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ သို့မဟုတ် သီးခြားကော်မတီသို့ ကန့်ကွက်ချက်ကို တင်သွင်းနိုင်သည်။

၂၄။ ကန့်ကွက်ချက်ကို နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း တင်သွင်းနိုင်သည်။ နှုတ်ဖြင့်ကန့်ကွက်ပါက သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ သို့မဟုတ် သီးခြားကော်မတီ၏ တာဝန်ပေးအပ်ခြင်းခံရသော အဖွဲ့က ယင်းကန့်ကွက်ချက်ကို ရေးမှတ်ယူရမည်။ ကန့်ကွက်သူကို စစ်ဆေးပြီးနောက် ကန့်ကွက်ချက်သည် ခိုင်လုံသည်ဟု ယူဆပါက ဖမ်းဆီးသူနှင့် အခြားလိုအပ်သူများကို ဆင့်ခေါ်၍ စုံစမ်းစစ်ဆေးရမည်။

၂၅။ ဖမ်းဆီးထိန်းသိမ်းခြင်းသည် တရားမဝင်ဟု စစ်ဆေးသည့်အဖွဲ့က ဆုံးဖြတ်ပါက—

(က) ဖမ်းဆီး ထိန်းသိမ်းခြင်းကြောင့် ဆုံးရှုံးမှုအတွက် ကျပ် ငါးရာထက် မပိုသော လျော်ကြေးငွေကိုကန့်ကွက်သူအားလည်းကောင်း၊ အစာရေစာ တိုက်ကျွေးစရိတ်ကို တိရစ္ဆာန်ထောင်မှူးအား လည်းကောင်း တရားမဝင် ဖမ်းဆီးသူက ပေးဆောင်စေရမည်၊

(ခ) ပုဒ်မ ၂၁ အရ ပေးသွင်းထားသော ငွေကို ကျွဲနွားတိရစ္ဆာန် ထောင်မှူးက ကန့်ကွက်သူအား ပြန်လည်ထုတ်ပေးစေရမည်။

# အခန်း (၆)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၆။ မည်သူမဆို ဤဥပဒေပါပြဋ္ဌာန်းချက်နှင့် အညီ ကျွဲနွားတိရစ္ဆာန်များ ဖမ်းဆီး ထိန်းသိမ်းခြင်းကို ကိုယ်ထိလက်ရောက် ခုခံကြောင်း၊ သို့မဟုတ် အားပေးကူညီကြောင်း၊ သို့မဟုတ် အားထုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်ဖြစ်စေ၊ ကျွဲနွားတိရစ္ဆာန် ထောင်သို့ ပို့ရာတွင်သော်လည်းကောင်း၊ ကျွဲနွားတိရစ္ဆာန်ထောင်မှ သော်လည်းကောင်း ကျွဲနွားတိရစ္ဆာန်များကို လွတ်မြောက်အောင်ပြုလုပ်ကြောင်း၊ သို့မဟုတ် အားပေးကူညီကြောင်း၊ သို့မဟုတ် အားထုတ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင်ဖြစ်စေ ထိုသူအားအနည်းဆုံး ထောင်ဒဏ် သုံးလမှ အများဆုံး ထောင်ဒဏ် ခြောက်လအထိ၊ သို့မဟုတ် အနည်းဆုံး ငွေဒဏ် ကျပ်တစ်ရာမှ အများဆုံး ငွေဒဏ်ကျပ်ငါးရာအထိ၊ သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။

၂၇။ ကျွဲနွားတိရစ္ဆာန်များ၏ ပိုင်ရှင်သည် ယင်း၏ တိရစ္ဆာန်များကြောင့် သီးနှံစိုက်ပျိုးထားသော လယ်ယာမြေ၊ သတ်မှတ်ထား

သော နေရာ၊ အဆောက်အအုံ၊ ပစ္စည်းတို့ကို ပျက်စီးစေကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ငွေဒဏ် ကျပ်တစ်ရာမှ အများဆုံး ငွေဒဏ် ကျပ် ငါးရာအထိ ကျခံစေရမည်။

၂၇။ ကျွန္တာတိရစ္ဆာန်ထောင်မှူးသည် ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်ကို မရိုးမဖြောင့်သော သဘောဖြင့် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ် ကျပ် သုံးရာအထိ ကျခံစေရမည်။

၂၉။ ကျွန္တာတိရစ္ဆာန် ထောင်မှူးသည် ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ငွေဒဏ်ကျပ် ငါးရာအထိ ကျခံစေရမည်။

၃၀။ ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ငွေဒဏ်ကျပ် တစ်ရာမှ အများဆုံး ငွေဒဏ်ကျပ် ငါးရာအထိ ကျခံစေရမည်။

၃၁။ ကျွန္တာ တိရစ္ဆာန်ကို တရားမဝင် ဖမ်းဆီးသူသည် ပုဒ်မ ၂၅ ပုဒ်မခွဲ (က) ပါ လျော်ကြေးနှင့် အစာရေစာ တိုက်ကျွေးစရိတ်တို့ကို ပေးဆောင်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် တစ်လမှ အများဆုံး ထောင်ဒဏ်ခြောက်လအထိ ကျခံစေရမည်။

၃၂။ ပုဒ်မ ၂၇ အရ ကောက်ခံရရှိသည့် ငွေဒဏ်များအနက်မှ ဆုံးရှုံး ပျက်စီးမှုအတွက် လျော်ကြေးအဖြစ် ဆုံးရှုံးနစ်နာသူအား ပေးစေရန် ငွေဒဏ်တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သက်ဆိုင်ရာ တရားရုံးက သင့်လျော်သလို သတ်မှတ်နိုင်သည်။

## အခန်း (၇)

### လျော်ကြေးအတွက် တရားမမှု စွဲဆိုခြင်း

၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်သည် ကျွဲနွားတိရစ္ဆာန် ကျော်နင်းမှုကြောင့် ဖြစ်ပေါ်သည့် ဆုံးရှုံးမှုအတွက် တရားမမှု စွဲဆိုခြင်းကို ပိတ်ပင်ခြင်း မရှိစေရ။

၃၄။ တရားရုံးသည် တရားမမှုတွင် ချမှတ်သည့် လျော်ကြေးမှ ဤဥပဒေအရ ပေးဆောင်ခဲ့သော လျော်ကြေးကို ခုနှိမ်ပေးရမည်။

## အခန်း (၈)

### အထွေထွေ

၃၅။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၊ သို့မဟုတ် သီးခြားကော်မတီသည် ကျွဲနွားတိရစ္ဆာန် ထောင်မှူးက ပေးအပ်သောငွေများကို သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သည့် ငွေစာရင်းသို့ ပေးသွင်းရမည်။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသည် လုပ်ထုံးလုပ်နည်းများ၊ လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၃၇။ The Cattle Trespass Act ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# ရုပ်မြင်သံကြားနှင့် မီဒီယို ဥပဒေ

# ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေ

[၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၂ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရုပ်မြင်သံကြားနှင့် ဗွီဒီယို ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **ရုပ်မြင်သံကြားဖမ်းစက်** ဆိုသည်မှာ ရုပ်မြင်သံကြားထုတ်လွှင့်ချက်ကို ဖမ်းယူနိုင်သောစက်ကို ဆိုသည်၊

(ခ) **ဗွီဒီယို** ဆိုသည်မှာ ရုပ်မြင်သံကြားဆိုင်ရာ နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ အရုပ်လှုပ်ရှားခြင်းကိုဖြစ်စေ၊ အရုပ်နှင့် အသံကိုဖြစ်စေ ထွက်ပေါ်စေခြင်းကို ဆိုသည်၊

(ဂ) **ဗွီဒီယိုဖွင့်စက်** ဆိုသည်မှာ ဗွီဒီယိုထွက်ပေါ်စေရန်ဖွင့်သောစက်ကို ဆိုသည်၊

(ဃ) **လက်ဝယ်ရှိသူ** ဆိုသည်မှာ ရုပ်မြင်သံကြားဖမ်းစက်သို့မဟုတ် ဗွီဒီယိုဖွင့်စက် လက်ဝယ်ထားရှိ၍ အသုံးပြုသူကို ဆိုသည်၊

(င) **လိုင်စင်ခ** ဆိုသည်မှာ ရုပ်မြင်သံကြားဖမ်းစက် အတွက်ဖြစ်စေ၊ ဗွီဒီယိုဖွင့်စက်အတွက်ဖြစ်စေ နှစ်စဉ်ကြေးအဖြစ် ပေးသွင်းရသော အခကြေးငွေကို ဆိုသည်၊

(စ) **လိုင်စင်လက်မှတ်** ဆိုသည်မှာ ရုပ်မြင်သံကြားဖမ်းစက်အတွက်ဖြစ်စေ၊ ဗွီဒီယိုဖွင့်စက်အတွက်ဖြစ်စေ လိုင်စင်ခ ပေးဆောင်ပြီးနောက် သက်ဆိုင်ရာက ထုတ်ပေးသည့် လက်မှတ်ကိုဆိုသည်၊

(ဆ) **လုပ်ငန်းရှင်** ဆိုသည်မှာ ဤဥပဒေအလိုငှာ ဗွီဒီယိုလုပ်ငန်း လုပ်ကိုင်ရေးအတွက် မှတ်ပုံတင်ထားသူကို ဆိုသည်၊

(ဇ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဗွီဒီယိုလုပ်ငန်း အမျိုးအစားတစ်ခုခု လုပ်ကိုင်ရန်ခွင့်ပြုသော လုပ်ငန်းမှတ်ပုံတင် လက်မှတ်ကို ဆိုသည်၊

(ဈ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအလိုငှာ ဖွဲ့စည်းသော ကော်မတီကို ဆိုသည်၊

(ည) **ဆင်ဆာအဖွဲ့** ဆိုသည်မှာ ဤဥပဒေအလိုငှာ ဖွဲ့စည်းသော ဗွီဒီယိုဆင်ဆာအဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## သိုင်စင်ခ ပေးဆောင်ခြင်း

၃။ ရုပ်မြင်သံကြားဖမ်းစက် သို့မဟုတ် ဗွီဒီယိုဖွင့်စက် လက်ဝယ်ရှိသူသည် လုပ်ထုံးလုပ်နည်းနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည်—

(က) လိုင်စင်ခပေးဆောင်ခြင်း၊

(ခ) ရက်လွန်ကြေးပေးဆောင်ခြင်း၊

(ဂ) လိုင်စင်လက်မှတ်အသစ်လဲလှယ်ခြင်း။

၄။ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များသည် ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနနှင့် မသက်ဆိုင်စေရ။

၅။ လိုင်စင်သက်တမ်း၊ လိုင်စင်ခနှင့် ရက်လွန်ကြေးတို့သည် လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်သည့်အတိုင်းဖြစ်သည်။

# အခန်း (၃)

## ဗွီဒီယိုလုပ်ငန်းနှင့် လုပ်ငန်းရှင်၏တာဝန်များ

၆။ စီးပွားရေးအလိုငှာ ဗွီဒီယိုလုပ်ငန်းလုပ်ကိုင်လိုသူသည် မိမိလုပ်ကိုင်လိုသည့် အောက်ပါ လုပ်ငန်းတစ်ခုချင်းအတွက် လုပ်ငန်းရှင်အဖြစ်မှတ်ပုံတင်ခွင့်ရရှိရန် လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာ ကော်မတီထံသို့ လျှောက်ထားရမည်—

(က) ဗွီဒီယိုရိုက်ကူးခြင်း၊
(ခ) ဗွီဒီယိုထုတ်လုပ်ခြင်း၊
(ဂ) ဗွီဒီယိုတိပ်ခွေကူးယူခြင်း၊
(ဃ) ဗွီဒီယိုတိပ်ခွေဖြန့်ချီခြင်း၊
(င) ဗွီဒီယိုတိပ်ခွေ ငှားရမ်းခြင်း၊
(စ) ဗွီဒီယိုပြသခြင်း။

၇။ ဗွီဒီယိုလုပ်ငန်း လုပ်ကိုင်လိုသူသည် မှတ်ပုံတင်ခွင့် ရရှိသည့်အခါ မှတ်ပုံတင်ခကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပေးဆောင်ရမည်။

၈။ မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းရှင်သည် ဗွီဒီယို လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် ယင်းလက်မှတ်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ လဲလှယ်ရမည်။

၉။ လုပ်ငန်းရှင်သည် မည်သည့်ဗွီဒီယို ရိုက်ကူးချက် သို့မဟုတ် ဗွီဒီယိုတိပ်ခွေကူးယူချက်ကိုမဆို ပြသလိုလျှင် သတ်မှတ်ထားသောနည်းလမ်းနှင့်အညီ ဆင်ဆာအဖွဲ့သို့ လျှောက်ထားရမည်။

# အခန်း (၄)

## ကော်မတီဖွဲ့စည်းခြင်း၊ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ဗွီဒီယိုလုပ်ငန်းများကို စိစစ်ကြီးကြပ်နိုင်ရန် ကော်မတီများကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင်များနှင့် သင့်လျော်သော နိုင်ငံသားများဖြင့် လိုအပ်သလို ဖွဲ့စည်းရမည်။

၁၁။ ကော်မတီတွင် ပါဝင်ရမည့်အဖွဲ့ဝင်ဦးရေနှင့် ယင်းကော်မတီ၏ သက်တမ်းသည် သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သည့် အတိုင်းဖြစ်သည်။

၁၂။ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ပေးရန် လျှောက်လွှာကို ရရှိသည့်အခါ သတ်မှတ်ထားသော နည်းလမ်းနှင့် အညီ စစ်ဆေးခြင်း၊

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်ခကိုပေးဆောင်စေပြီး မှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်း၊

(ဂ) သတ်မှတ်ချက်များနှင့်မညီညွတ်ပါက မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ငြင်းဆိုခြင်း၊ ထိုသို့ ငြင်းဆိုကြောင်းကို လျှောက်ထားသူအား စာဖြင့် အကြောင်းကြားခြင်း၊

(ဃ) သတ်မှတ်ချက်တစ်ရပ်ရပ်ကို လုပ်ငန်းရှင်က ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် မှတ်ပုံတင် လက်မှတ်ကို ရုပ်သိမ်းခြင်း၊

(င) သက်ဆိုင်ရာ ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

# အခန်း (၅)

## ဆင်ဆာအဖွဲ့ ဖွဲ့စည်းခြင်း၊ အဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၃။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဆင်ဆာအဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည့်သူများကို သတ်မှတ်ပေးရမည်။

၁၄။ ဆင်ဆာအဖွဲ့တွင် ပါဝင်ရမည့်အဖွဲ့ဝင် ဦးရေနှင့် ယင်းအဖွဲ့၏ သက်တမ်းသည် သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သည့် အတိုင်း ဖြစ်သည်။

၁၅။ ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် သတ်မှတ်ထားသော ချီးမြှင့်ငွေ ခံစားခွင့်ရှိသည်။

၁၆။ ဆင်ဆာအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ရုပ်မြင်သံကြား ထုတ်လုပ်ချက်ကို စစ်ဆေးခြင်း၊

(ခ) မည်သည့်ပြည်တွင်း ဗွီဒီယိုရိုက်ကူးချက် သို့မဟုတ် ဗွီဒီယို တိပ်ခွေကူးယူချက်ကိုမဆို ပြသခွင့်ပြုရန် လျှောက်ထား သည့်အခါ စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ညီညွတ် ပါက ပြသခွင့်လက်မှတ် ထုတ်ပေးခြင်း၊

(ဂ) ပြည်ပမှ သွင်းယူလာသော မည်သည့် ဗွီဒီယို ရိုက်ကူးချက် သို့မဟုတ် ဗွီဒီယိုတိပ်ခွေ ကူးယူချက်ကိုမဆို စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ပြသခွင့် လက်မှတ် ထုတ်ပေးခြင်း၊

(ဃ) သတ်မှတ်ချက်များနှင့် မညီညွတ်ပါက ပြသခွင့်လက်မှတ် ထုတ်ပေးရန် ငြင်းဆိုခြင်း၊ ထိုသို့ ငြင်းဆိုကြောင်းကို စာဖြင့် အကြောင်းကြားခြင်း၊

(င) သက်ဆိုင်ရာ ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၁၇။ ဆင်ဆာအဖွဲ့က စစ်ဆေးပြီးနောက် ဗီဒီယို သို့မဟုတ် ရုပ်မြင်သံကြား ထုတ်လုပ်ချက်ကို ခွင့်မပြုသင့်ဟုဆုံးဖြတ်လျှင် ဖြတ်တောက်စေရမည့်အစိတ်အပိုင်းကိုသော်လည်းကောင်း၊ အားလုံးကိုသော်လည်းကောင်း သင့်လျော်သလိုဖြတ်တောက်ခြင်း၊ ဖျက်ခြင်း၊ သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်း ပြုလုပ်နိုင်သည်။

၁၈။ ဆင်ဆာအဖွဲ့သည် ပုဒ်မ ၁၇ အရ ချမှတ်သော ဆုံးဖြတ်ချက်အတိုင်းဆောင်ရွက်ရာတွင် အယူခံကို ပယ်ပြီးမှ သို့မဟုတ် အယူခံကာလကုန်ဆုံးပြီးမှသာ ဆက်လက်ဆောင်ရွက်ရမည်။

၁၉။ ဆင်ဆာအဖွဲ့သည် မည်သည့် ဗီဒီယိုရိုက်ကူးချက် သို့မဟုတ် ဗီဒီယိုတိပ်ခွေကူးယူချက်ကိုမဆို စစ်ဆေးကြည့်ရှုရန် လိုအပ်သည်ဟုယူဆလျှင် ခေါ်ယူစစ်ဆေးကြည့်ရှုနိုင်သည်။

၂၀။ ခိုင်လုံသော အကြောင်းရှိလျှင် ထုတ်ပေးထားသော မည်သည့်ပြသခွင့် လက်မှတ်ကိုမဆို ဆင်ဆာအဖွဲ့ကရုပ်သိမ်းနိုင်သည်။

## အခန်း (၆)

### မှတ်ပုံတင်လက်မှတ် ပျက်ပြယ်ခြင်း

၂၁။ အောက်ပါအကြောင်း တစ်ရပ်ရပ် ပေါ်ပေါက် သည့် အခါ မှတ်ပုံတင်လက်မှတ်သည် ပျက်ပြယ်သည်—

(က) မှတ်ပုံတင် လက်မှတ် သက်တမ်းကုန်ဆုံးခြင်း၊
(ခ) လုပ်ငန်းရှင်က မိမိလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ မှတ်ပုံတင်လက်မှတ်ကို သက်ဆိုင်ရာသို့ပြန်လည်အပ်နှံခြင်း၊
(ဂ) ကော်မတီ၏ ဆုံးဖြတ်ချက်အရ မှတ်ပုံတင်လက်မှတ် ရုပ်သိမ်းခံရခြင်း၊
(ဃ) လုပ်ငန်းရှင်သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် မိမိလုပ်ငန်းကို မလုပ်ကိုင်နိုင်ခြင်း။

## အခန်း (၇)

### အယူခံခြင်း

၂၂။ ကော်မတီ သို့မဟုတ် ဆင်ဆာအဖွဲ့၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ မကျေနပ်ပါက ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်းခြောက်ဆယ်အတွင်း အယူခံနိုင်သည်။

၂၃။ အယူခံကို ကြားနာစစ်ဆေးရန် အယူခံအဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနက ဖွဲ့စည်းရမည်။

၂၄။ အယူခံအဖွဲ့သည် ကော်မတီ သို့မဟုတ် ဆင်ဆာအဖွဲ့၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်းတို့ကို ပြုလုပ်နိုင်သည်။ လိုအပ်ပါက ပြန်လည်စစ်ဆေးစေရန် ညွှန်ကြားနိုင်သည်။

၂၅။ အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၂၆။ အယူခံအဖွဲ့သည် မိမိ၏ ဆုံးဖြတ်ချက်ကို အယူခံသူထံသို့ ပေးပို့ရမည်။

## အခန်း (၈)

### တားမြစ်ချက်များ

၂၇။ ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းလုပ်ငန်းကို ဝန်ကြီးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ မည်သူမျှ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၂၈။ မှတ်ပုံတင်လက်မှတ်မရှိဘဲ မည်သူမျှ ဗွီဒီယိုလုပ်ငန်းကို စီးပွားရေးအလို့ငှာ လုပ်ကိုင်ခြင်းမပြုရ။

၂၉။ လုပ်ငန်းရှင်သည်—

(က) မိမိရရှိထားသော မှတ်ပုံတင်လက်မှတ်နှင့် သက်ဆိုင်သည့် ဗွီဒီယိုလုပ်ငန်းမှအပ ကျန်ဗွီဒီယိုလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ၊

(ခ) မိမိ၏ မှတ်ပုံတင်လက်မှတ်ကို အခြားသူ တစ်ဦး အား လွှဲပြောင်းပေးခြင်း မပြုရ။

၃၀။ လုပ်ငန်းရှင်သည် ပျက်ပြယ်သော မှတ်ပုံတင်လက်မှတ်ကို ကိုင်ဆောင်၍ ဗွီဒီယိုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်း မပြုရ။

၃၁။ ဆင်ဆာအဖွဲ့၏ ခွင့်ပြုချက်မရရှိသော မည်သည့်ဗွီဒီယိုရိုက်ကူးချက် သို့မဟုတ် ဗွီဒီယိုတိပ်ခွေကူးယူချက်ကိုမျှ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း၊ ပြသခြင်း မပြုရ။

၃၂။ ပြည်ပမှသွင်းယူလာသော မည်သည့်ဗွီဒီယိုရိုက်ကူးချက် သို့မဟုတ် ဗွီဒီယိုတိပ်ခွေ ကူးယူချက်ကိုမျှ အခကြေးငွေဖြင့် ပြသခြင်းမပြုရ။

၃၃။ မြန်မာ့ရုပ်ရှင်သံကြားမှ ထုတ်လုပ်သည့် အစီအစဉ်များအနက် အစီအစဉ် တစ်ရပ်လုံးကိုဖြစ်စေ၊ အစိတ်အပိုင်း တစ်ခုခုကိုဖြစ်စေ မည်သူမျှ တိုက်ရိုက်သော်လည်းကောင်း၊ ကူးယူ၍သော်လည်းကောင်း အခကြေးငွေယူ၍ ပြသခြင်းမပြုရ။

၃၄။ မည်သည့်ဗွီဒီယိုရိုက်ကူးချက် သို့မဟုတ် ဗွီဒီယိုတိပ်ခွေကူးယူချက်ကိုမျှ ဆင်ဆာအဖွဲ့၏ ခွင့်ပြုချက်မရဘဲ ပြည်ပသို့ယူဆောင်ခြင်း သို့မဟုတ် ပေးပို့ခြင်းမပြုရ။

# အခန်း (၉)

## ပြစ်မှုနှင့် ပြစ်ဒဏ်

၃၅။ မည်သူမဆို ပုဒ်မ ၃ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ပေးဆောင်ရန်ရှိသော လိုင်စင်ခနှင့် ရက်လွန်ကြေးကို ပေးဆောင်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပေးဆောင်ရန်ရှိသော လိုင်စင်ခနှင့် ရက်လွန်ကြေးများအပြင် ငွေဒဏ်ကျပ်င ါးရာ ပေးဆောင်စေရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ်သုံးနှစ်မှ အများဆုံးထောင်ဒဏ်င ါးနှစ်အထိ သို့မဟုတ် အနည်းဆုံးငွေဒဏ်ကျပ်သုံးသောင်းမှ အများဆုံး ငွေဒဏ်ကျပ် င ါးသောင်းအထိ သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။ ထို့ပြင်ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းနှင့် သက်ဆိုင်သော စက်ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၃၇။ မည်သူမဆို ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ သို့မဟုတ် အနည်းဆုံးငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံး ငွေဒဏ် ကျပ်နှစ်သောင်းအထိ သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။ ထို့ပြင် ဗွီဒီယိုလုပ်ငန်းနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၃၈။ လုပ်ငန်းရှင်သည်—

(က) ပုဒ်မ ၂၉ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် တစ်နှစ်အထိ သို့မဟုတ် အနည်းဆုံး ငွေဒဏ်

ကျပ် ၄ ါးထောင်မှ အများဆုံး ငွေဒဏ် ကျပ်တစ်သောင်း အထိ သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။ ထို့ပြင် မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ကိုင်သည့် ဗီဒီယိုလုပ်ငန်းနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

( ခ ) ပုဒ်မ ၂၉ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံးထောင် ဒဏ် တစ်နှစ်အထိ သို့မဟုတ် အနည်းဆုံး ငွေဒဏ် ကျပ်၄ ါးထောင်မှ အများဆုံး ငွေဒဏ်ကျပ် တစ်သောင်း အထိ သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။

၃၉။ လုပ်ငန်းရှင်သည် ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သက်ဆိုင်ရာ မှတ်ပုံတင် ခ၏ နှစ်ဆကို ငွေဒဏ်အဖြစ် ပေးဆောင်စေရမည်။ ပြစ်ဒဏ်ချမှတ်ခံရပြီး နောက် ပြစ်မှုကို ဆက်လက်၍ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ကျူးလွန်သော ရက်များအတွက် တစ်ရက်လျှင် ငွေဒဏ် ကျပ်၄ ါးရာစီ ကျခံစေရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူး လွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် နှစ်နှစ်မှ အများဆုံး ထောင်ဒဏ်သုံးနှစ်အထိ သို့မဟုတ် အနည်းဆုံးငွေ ဒဏ် ကျပ် နှစ်သောင်းမှ အများဆုံး ငွေဒဏ် ကျပ် သုံးသောင်းအထိ သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။ ထို့ပြင် ဗီဒီယို လုပ်ငန်းနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၂၊ ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်း ဆုံး ထောင်ဒဏ် တစ်နှစ်မှ အများဆုံး ထောင်ဒဏ် သုံးနှစ်အထိ သို့မဟုတ်

အနည်းဆုံးငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံးငွေဒဏ်ကျပ်သုံးသောင်း အထိ သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။ ထို့ပြင် ဗွီဒီယိုလုပ်ငန်းနှင့် တိုက်ရိုက် သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၄၂။ မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ၊ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင်ဖြစ်စေ ထောင်ဒဏ် တစ်နှစ် သို့မဟုတ် ငွေဒဏ် ကျပ်တစ်သောင်း သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။

## အခန်း (၁၀)

### အထွေထွေ

၄၃။ ဝန်ကြီးအဖွဲ့သည် အောက်ပါ အဖွဲ့အစည်းများအား ဤဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုနိုင်သည်—

(က) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့်ပါတီ၏ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော လူထုလူတန်းစား အဖွဲ့အစည်းများ၊

(ခ) နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊

(ဂ) နိုင်ငံတော်၏ ဝန်ထမ်း အဖွဲ့အစည်းများ။

၄၄။ (က) မိသားစုနှင့်စပ်လျဉ်းသော ဗွီဒီယိုရိုက်ကူးခြင်း၊ ယင်းရိုက် ကူးချက်ပါရှိသော ဗွီဒီယိုတိပ်ခွေကို အခမဲ့ငှားရမ်းခြင်း နှင့် ပြသခြင်းတို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မသက်ဆိုင်စေရ၊

(ခ) ပြသခွင့်လက်မှတ်ရရှိထားသော ရုပ်ရှင်ကားမှဗွီဒီယိုတိပ်ခွေ ကူးယူချက်သည် ဆင်ဆာအဖွဲ့သို့ လျှောက်ထားရမည့် ပြဋ္ဌာန်းချက်နှင့် မသက်ဆိုင်စေရ။

၄၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသည်—

(က) လိုအပ်သော လုပ်ထုံး လုပ်နည်းများကို ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ရမည်၊

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။

လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေ

## လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေ

[ ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၃ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **လမ်း** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဤဥပဒေအလို့ငှာ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်သော လမ်းနှင့် ယင်းလမ်း၏နယ်နိမိတ် သို့မဟုတ် လမ်းမကြီးနှင့် ယင်းလမ်းမကြီး၏နယ်နိမိတ်ကို ဆိုသည်၊

(ခ) **တံတား** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဤဥပဒေအလို့ငှာ လုပ်ထုံးလုပ်နည်းဖြင့်သတ်မှတ်သော တံတားကို ဆိုသည်၊

(ဂ) **ယာဉ်** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဤဥပဒေအလို့ငှာ လုပ်ထုံးလုပ်နည်းဖြင့်သတ်မှတ်သော ယာဉ်အမျိုးအစားကို ဆိုသည်၊

(ဃ) **အသုံးပြုသူ** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက ဤဥပဒေအလို့ငှာ သတ်မှတ်သော လမ်းနှင့်တံတားပေါ်တွင် သွားလာသူ သို့မဟုတ် အခြားနည်းလမ်းဖြင့် အသုံးပြုသူကို ဆိုသည်၊

(င) **အသုံးပြုခြင်း** ဆိုသည်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနက သတ်မှတ်သော လမ်းနှင့်တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းကိုဆိုသည်၊

(စ) **အသုံးပြုခ** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သော လမ်းနှင့်တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းအတွက်ပေးဆောင်ရသည့်အခကြေးငွေကိုဆိုသည်၊

(ဆ) **ကြီးကြပ်သူ** ဆိုသည်မှာ အသုံးပြုခကောက်ခံရေးကို ကြီးကြပ်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သည့် အဖွဲ့အစည်း သို့မဟုတ် ယင်းက ထပ်ဆင့်တာဝန်ပေးအပ်ခြင်းခံရသူ သို့မဟုတ် အခြားအဖွဲ့အစည်းကို ဆိုသည်၊

(ဇ) **ကောက်ခံသူ** ဆိုသည်မှာ အသုံးပြုခကောက်ခံရန် ကြီးကြပ်သူက တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

## အခန်း (၂)

## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃။ သက်ဆိုင်ရာဝန်ကြီးဌာနသည် လုပ်ထုံးလုပ်နည်းဖြင့်—

(က) အသုံးပြုခ ကောက်ခံရမည့်လမ်းနှင့် တံတားကို သတ်မှတ်နိုင်သည်၊

(ခ) အသုံးပြုခ ကောက်ခံရန် နှုန်းထား သတ်မှတ်နိုင်သည်၊

(ဂ) အသုံးပြုခ ကောက်ခံရမည့် ယာဉ်အမျိုးအစားကို သတ်မှတ်နိုင်သည်၊

(ဃ) အသုံးပြုခ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည်။

၄။ ကြီးကြပ်သူသည်—

(က) အသုံးပြုခကို သတ်မှတ်သည့်နှုန်းထားအတိုင်း ကောက်ခံရရှိရေးအတွက် တာဝန်ယူကြီးကြပ်ရမည်၊

(ခ) အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှ ကောက်ခံခြင်းမပြုရန် ကြီးကြပ်ရမည်။

၅။ ကောက်ခံသူသည် အသုံးပြုခကို ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူထံမှ သတ်မှတ်ထားသော နှုန်းထားအတိုင်း ကောက်ခံရမည်။

## အခန်း (၃)

### တားမြစ်ချက်

၆။ အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှ အပ မည်သူမျှ ကောက်ခံခြင်း မပြုရ။

၇။ ကောက်ခံသူသည် သတ်မှတ်ထားသော အသုံးပြုခ နှုန်းထားထက် ပိုမိုကောက်ခံခြင်း မပြုရ။

## အခန်း (၄)

### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၈။ အသုံးပြုခကို ယာဉ်မောင်းသို့မဟုတ် အသုံးပြုသူက ပေးဆောင်ရန် ပျက်ကွက်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးပြုခနှင့် ဒဏ်ငွေကို ပေးဆောင်ရမည်။

၉။ မည်သူမဆို ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ် ခြောက်လ သို့မဟုတ် ငွေဒဏ် ကျပ် ငါးထောင် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။

၁၀။ မည်သူမဆို ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ် သုံးလ သို့မဟုတ် ငွေဒဏ် ကျပ်သုံးထောင် သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံစေရမည်။

၁၁။ မည်သူမဆို ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် တစ်လကျခံစေရမည်။

## အခန်း (၅)

### အထွေထွေ

၁၂။ အသုံးပြုခ နှုန်းထားများ၊ ဒဏ်ငွေများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အများပြည်သူ သိရှိနိုင်စေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

၁၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသည်—

(က) လိုအပ်သော လုပ်ထုံး လုပ်နည်းများကို ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ရမည်၊

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။

၁၄။ The Tolls Act, 185 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# ကျပ်တစ်ရာတန် ငွေစက္ကူ၊ ကျပ်ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်သိမ်းသည့် ဥပဒေ

# ကျပ်တစ်ရာတန် ငွေစက္ကူ၊ ကျပ်ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်စဲသည့် ဥပဒေ

[ ၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၄ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကျပ်တစ်ရာတန်ငွေစက္ကူ၊ ကျပ်ငါးဆယ်တန်ငွေစက္ကူ နှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်—

(က) **အဖွဲ့အစည်း** ဆိုသည်မှာ နိုင်ငံတော်၏ အဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ကုမ္ပဏီလီမိတက်များ၊ နိုင်ငံတော်က မှတ်ပုံတင်ဖြင့် ခွင့်ပြုထားသောအသင်းအဖွဲ့များ၊ ဘာသာရေး အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ သံတမန် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်း များ စသည်တို့ကို ဆိုသည်၊

(ခ) **ဘဏ်** ဆိုသည်မှာ မြန်မာ့စီးပွားရေးဘဏ်ခွဲ သို့မဟုတ် မြို့နယ်ဘဏ်ခွဲ သို့မဟုတ် ဘဏ်ငွေတိုက်ခွဲကို ဆိုသည်။

# အခန်း (၂)

## ကျပ်တစ်ရာတန် ငွေစက္ကူ၊ ကျပ်ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်သိမ်းခြင်း

၃။ နိုင်ငံတော်အတွင်းတွင် လှည့်လည် သုံးစွဲလျက်ရှိသော ငွေစက္ကူ ကျပ် ၁၀၀ (ကျပ်တစ်ရာတန်)၊ ကျပ် ၅၀ (ကျပ်ငါးဆယ်တန်) နှင့် ကျပ် ၂၀ (ကျပ်နှစ်ဆယ်တန်) တို့ကို ၁၃၄၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် (၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်) မွန်းလွဲ တစ်နာရီအချိန်မှစ၍ တရားဝင်သုံးစွဲခြင်းမှ ရုပ်သိမ်းလိုက်သည်။

၄။ ပုဒ်မ ၃ တွင် ဖော်ပြထားသော ငွေစက္ကူများကို လက်ဝယ်ရှိသူသည် ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် တနင်္လာနေ့မှစ၍ ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် အင်္ဂါနေ့အထိ မိမိနေထိုင်ရာ မြို့နယ်ရှိဘဏ်တွင် သတ်မှတ်ထားသော ပုံစံဖြင့် လာရောက်အပ်နှံရမည်။

၅။ မိမိနေထိုင်ရာ မြို့နယ်တွင် ဘဏ်မရှိလျှင် နီးစပ်ရာမြို့နယ် ဘဏ်ခွဲတွင် အပ်နှံရမည်။

၆။ ပုဒ်မ ၄ အရ ဖြစ်စေ၊ ပုဒ်မ ၅ အရ ဖြစ်စေ ငွေစက္ကူများကို လာရောက် အပ်နှံရာတွင် အိမ်ထောင်စု တစ်ခု သို့မဟုတ် အဖွဲ့အစည်း တစ်ရပ် အတွက် တစ်ဦး သာလျှင် တစ်ကြိမ်တည်းနှင့် အပြီးအပ်နှံရမည်။

၇။ အိမ်ထောင်စု တစ်ခု သို့မဟုတ် အဖွဲ့အစည်း တစ်ရပ် အတွက် တစ်ကြိမ်ထက်ပို၍အပ်နှံလျှင် အနည်းဆုံးအပ်နှံသည့်ငွေကိုသာ အသိအမှတ်ပြုရမည်။ ကျန်အပ်နှံငွေများကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူခြင်းခံရမည်။

၈။ အိမ်ထောင်စု တစ်ခု သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်အတွက် တစ်ဦးထက်ပို၍ ငွေစက္ကူ လာရောက်အပ်နှံလျှင် အနည်းဆုံး အပ်နှံသည့်

ငွေကိုသာ အသိအမှတ်ပြုရမည်။ ကျန်အပ်နှံငွေများကို နိုင်ငံတော်ပိုင် အဖြစ် သိမ်းယူခြင်းခံရမည်။

၉။ ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ အပ်နှံသော ငွေစက္ကူများ၏ စုစုပေါင်းတန်ဖိုးသည် ကျပ် ၅၀၀၀ (ကျပ်ငါးထောင်) ထက် မကျော်လျှင် ယင်းအပ်နှံငွေကို တရားဝင်ငွေများဖြင့် လဲလှယ်ပေးရမည်။

၁၀။ ပုဒ်မ ၉ အရ လဲလှယ်ပေးပြီးနောက် ကျန်အပ်နှံငွေ၏ ငါးဆယ် ရာခိုင်နှုန်းကိုလည်း တရားဝင်ငွေများဖြင့် လဲလှယ်ပေးရမည်။

၁၁။ ပုဒ်မ ၁၀ အရ လဲလှယ်ပေးပြီးနောက် ကျန်ငွေသည် အောက်ပါ တို့နှင့် ညီညွတ်ပါက တရားဝင်ငွေများဖြင့် လဲလှယ်ပေးရမည်—

(က) ပုဒ်မ ၄ အရ ဖြစ်စေ၊ ပုဒ်မ ၅ အရ ဖြစ်စေ အပ်နှံထား သော ငွေများကို တရားဝင် လက်ဝယ် ရရှိထားကြောင်း ခိုင်လုံသော အထောက်အထား တင်ပြနိုင်ခြင်း၊

(ခ) ပုဒ်မ ၄ အရ ဖြစ်စေ၊ ပုဒ်မ ၅ အရ ဖြစ်စေ အပ်နှံ ထားသော ငွေများအတွက် သက်ဆိုင်ရာ ဥပဒေများအရ ကျသင့်သော အခွန်အခများပေးဆောင်ပြီးဖြစ်ခြင်း။

## အခန်း (၃)

### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၂။ သက်ဆိုင်သူသည် ပုဒ်မ ၁၀ အရ လဲလှယ်ပေးပြီးနောက် ကျန်ငွေ များနှင့် စပ်လျဉ်း၍—

(က) ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ အပ်နှံထား သော ငွေသည် တရားဝင် လက်ဝယ်ရရှိထားကြောင်း ခိုင်လုံသော အထောက်အထား တင်ပြနိုင်သော်လည်း

ကျသင့်သော အခွန်အခများ ပေးဆောင်ခြင်းမရှိသေးလျှင် ထိုအခွန်အခနှင့် သတ်မှတ်ထားသော ဒဏ်ကြေးကို ထိုငွေမှ ခုနှိမ်၍ ကျန်ငွေကို လဲလှယ်ပေးရမည်။ သို့သော်လည်း ကျန်ငွေသည် ပေးရန်ရှိသော အခွန်အခနှင့် သတ်မှတ်ထားသော ဒဏ်ကြေးများအတွက် ခုနှိမ်ရန် မလုံလောက်ပါက ထပ်မံပေးသွင်းရမည်၊

(ခ) ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ အပ်နှံထားသော ငွေသည် တရားဝင် လက်ဝယ်ရရှိထားကြောင်း ခိုင်လုံသော အထောက်အထား တင်ပြနိုင်ခြင်း မရှိပါက ထိုကျန်သော ငွေကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူခြင်းခံရမည်။

၁၃။ မည်သူမဆို ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ အပ်နှံရန် မဟုတ်ဘဲ တရားမဝင်သော ငွေစက္ကူများကို သယ်ဆောင်ကြောင်း တွေ့ရှိရပါက ထိုငွေစက္ကူများကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူခြင်းခံရမည်။

၁၄။ ကျပ်တစ်ရာတန် ငွေစက္ကူ သို့မဟုတ် ကျပ်ငါးဆယ်တန် ငွေစက္ကူ သို့မဟုတ် ကျပ်နှစ်ဆယ်တန်ငွေစက္ကူကို ပြန်လည်အပ်နှံရာ၌ မရိုးမဖြောင့်သော သဘောဖြင့် မိမိပိုင်ဖြစ်သည်ဟု ဖော်ပြ၍ လဲလှယ်သွားကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် လဲလှယ်သည့်ငွေကို ပြန်လည်ပေးသွင်းရမည်။ ပေးသွင်းရန်ပျက်ကွက်ပါက ထိုသူအား အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ် သုံးနှစ်အထိ ကျခံစေရမည်။ ထို့အပြင် လဲလှယ်သွားသောငွေကိုလည်း ဒဏ်ကြေးအဖြစ် ပေးသွင်းစေရမည်။

၁၅။ ပုဒ်မ ၇ အရ ဖြစ်စေ၊ ပုဒ်မ ၈ အရ ဖြစ်စေ အသိအမှတ်ပြုသည့် အနည်းဆုံး အပ်နှံသောငွေထက် ပို၍ထုတ်ယူသွားကြောင်း စစ်ဆေးတွေ့ရှိလျှင် ယင်းပို၍ထုတ်ယူသောငွေကို ပြန်လည် ပေးသွင်းရမည်။ ပေးသွင်းရန်ပျက်ကွက်ပါက ထိုသူအား အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံး ထောင်ဒဏ် ငါးနှစ်အထိ ကျခံစေရမည်။ ထို့အပြင် ပို၍ထုတ်ယူသွားသော ငွေကိုလည်း ဒဏ်ကြေးအဖြစ် ပေးသွင်းစေရမည်။

၁၆။ မည်သူမဆို ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ မွန်းလွဲ တစ်နာရီ အချိန်မှစ၍ ပုဒ်မ ၂ ပုဒ်မခွဲ (က) ပါ အဖွဲ့အစည်းများပိုင် ငွေကို တရားဝင်ငွေအဖြစ်မှ ရပ်စဲသည့် ငွေစက္ကူများနှင့် လဲလှယ်ခြင်း ပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုလဲလှယ်သောငွေကို နိုင်ငံပိုင်အဖြစ် သိမ်းယူမည့်အပြင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံးထောင်ဒဏ် ၄ ါးနှစ်အထိ ကျခံစေရမည်။

## အခန်း (၄)

### အထွေထွေ

၁၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသည်—

(က) လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

# ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို
# ပြင်ဆင်သည့် နည်းဥပဒေများ

# ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ

[ ၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် နည်းဥပဒေများ အမှတ် ၁ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါနည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤနည်းဥပဒေများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁ နည်းဥပဒေခွဲ (ခ) ကို အောက်ပါ နည်းဥပဒေခွဲဖြင့် အစားထိုးရမည်—

(ခ) နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ကောင်စီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ကောင်စီအတွင်းရေးမှူး၊ ဝန်ကြီးချုပ်၊ ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ နှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ တို့ကို ရွေးချယ်တင်မြှောက်သည့်ကိစ္စတွင် ကြီးကြပ်ခြင်း။

၃။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့ကို အောက်ပါနည်းဥပဒေခွဲများဖြင့် အစားထိုးရမည်—

(က) နည်းဥပဒေ ၁၄ နှင့် ၁၅ အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်များသည် မိမိတို့ အထဲမှ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် အတွင်းရေးမှူးတစ်ဦး တို့ကို ရွေးချယ်တင်မြှောက်ရမည်၊

(ခ) နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ နှင့် အတွင်းရေးမှူး တို့၏ အမည်စာရင်းကို အလှည့်ကျ သဘာပတိက လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၄။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇ နည်းဥပဒေခွဲ (ဂ) ကို အောက်ပါနည်းဥပဒေခွဲဖြင့် အစားထိုးရမည်—

(ဂ) လစ်လပ်သောနေရာသည် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးနေရာ ဖြစ်ပါက နည်းဥပဒေခွဲ (က) သို့မဟုတ် (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်ကောင်စီဝင်နေရာကို ရွေးချယ်ပြီးမှ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ လစ်လပ်သော ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးနေရာကို မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်၍ လွှတ်တော်၏ အတည်ပြုချက်ကို ရယူရမည်။

၅။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၇ နည်းဥပဒေခွဲ (က) ကို အောက်ပါ နည်းဥပဒေခွဲဖြင့် အစားထိုးရမည်—

(က) နိုင်ငံတော်ကောင်စီသည် လွှတ်တော်သို့အစီရင်ခံသည့်အခါ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး သို့မဟုတ် နိုင်ငံတော်ကောင်စီဝင်တစ်ဦးဦးက တင်ပြနိုင်သည်။

ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ
အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ
နည်းဥပဒေ များကို ပြင်ဆင်သည့်
နည်းဥပဒေများ

၃။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၁၇ နည်းဥပဒေခွဲ (ဂ) ကို အောက်ပါ နည်းဥပဒေခွဲဖြင့် အစားထိုးရမည်—

(ဂ) နည်းဥပဒေခွဲ (က) အရ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ပေးပို့သည့် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှစ၍ ၃ ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ အယူခံနိုင်သည်။ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်၊

၄။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၈ ကို အောက်ပါ နည်းဥပဒေဖြင့် အစားထိုးရမည်—

၄၈။ ကော်မရှင်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင် အဆင့်ဆင့်ရွေးချယ်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း အောက်ပါအတိုင်းဆောင်ရွက်ရမည်—

(က) လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်တို့၏ မဲဆန္ဒနယ် တစ်ခုအတွက် ရွေးချယ်တင်မြှောက်ရမည့် ဦးရေနှင့် ပြည်သူ့ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းသည့်ဦးရေ တူညီနေလျှင်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်စားလှယ်လောင်း ဦးရေက ရွေးချယ်တင်မြှောက်ရမည့်ဦးရေထက် ပိုနေလျှင်သော်လည်းကောင်း ယင်းပြည်သူ့ကိုယ်စားလှယ်လောင်း သို့မဟုတ် ပြည်သူ့ကိုယ်စားလှယ်လောင်းများဖြင့် ရွေးချယ်တင်မြှောက်ပွဲများကို ကျင်းပရမည်၊

(ခ) ပြည်သူ့ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးသည် အမည်စာရင်း ထုတ်ပြန်ကြေငြာပြီးနောက် ရွေးချယ်တင်မြှောက်ပွဲမကျင်းပရသေးမီ ပြည်သူ့ကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် ဆုံးရှုံးသွားလျှင် ဖြစ်စေ၊ ကွယ်လွန်သွားလျှင်ဖြစ်စေ၊ နုတ်ထွက်သွားလျှင် ဖြစ်စေ ထိုပုဂ္ဂိုလ်၏ အမည်ကို သက်ဆိုင်ရာ ပြည်သူ့ကိုယ်စားလှယ်လောင်း အမည်စာရင်းမှ ပယ်ဖျက်ရမည်၊

(ဂ) ပုံမှန်ရွေးချယ်တင်မြှောက်ပွဲများတွင် အထက်ပါ အကြောင်း တစ်ခုခုကြောင့် ပြည်သူ့ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ပယ်ဖျက်လိုက်သည့်အခါ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသည်——

(၁) ပြည်သူ့ကိုယ်စားလှယ်လောင်း အမည်စာရင်းတွင် အခြားပြည်သူ့ကိုယ်စားလှယ်လောင်းအမည် ကျန်ရှိလျှင် ကျန်ရှိသည့် အမည်စာရင်းအရ သက်ဆိုင်ရာ ရွေးချယ်တင်မြှောက်ပွဲကို ကြေငြာထားသည့် အစီအစဉ်အတိုင်း ကျင်းပရမည်၊

(၂) ပြည်သူ့ကိုယ်စားလှယ်လောင်း အမည်စာရင်းတွင် အခြားပြည်သူ့ကိုယ်စားလှယ်လောင်း အမည် မကျန်ရှိခဲ့လျှင် ပြည်သူ့ကိုယ်စားလှယ်လောင်း အမည်စာရင်း ထပ်မံပေးပို့ရန် သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းသို့ အကြောင်းကြားရမည်။ ယင်းသို့ ပြည်သူ့ကိုယ်စားလှယ်လောင်း

အမည်စာရင်း ထပ်မံပေးပို့သည့်အခါ ထုတ်ပြန်ကြေငြာထားသည့် အစီအစဉ်အတိုင်း ရွေးချယ်တင်မြှောက်ပွဲကိုမကျင်းပနိုင်လျှင် ရွေးချယ်တင်မြှောက်ပွဲကို ရွှေ့ဆိုင်း၍ ကော်မရှင်က သတ်မှတ်သည့်နေ့ရက်အတွင်း ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရမည်၊

(ဃ) ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲများတွင် နည်းဥပဒေခွဲ (ခ) ပါ အကြောင်းတစ်ခုခုကြောင့် ပြည်သူ့ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ပယ်ဖျက်လိုက်သည့်အခါ သက်ဆိုင်ရာကော်မရှင် အဖွဲ့ခွဲသည်—

(၁) ပြည်သူ့ ကိုယ်စားလှယ်လောင်း အမည်စာရင်းတွင် အခြားပြည်သူ့ကိုယ်စားလှယ်လောင်းအမည် ကျန်ရှိခဲ့လျှင် ကျန်ရှိသည့် အမည်စာရင်းအရ သက်ဆိုင်ရာ ရွေးချယ်တင်မြှောက်ပွဲကို ကြေငြာထားသည့် အစီအစဉ်အတိုင်း ကျင်းပရမည်၊

(၂) ပြည်သူ့ ကိုယ်စားလှယ်လောင်း အမည်စာရင်းတွင် အခြားပြည်သူ့ကိုယ်စားလှယ်လောင်းအမည် မကျန်ရှိခဲ့လျှင် ပြည်သူ့ကိုယ်စားလှယ်လောင်းအမည်စာရင်း ထပ်မံပေးပို့ရန် သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းသို့ အကြောင်းကြားရမည်။ ယင်းသို့ ပြည်သူ့ကိုယ်စားလှယ်လောင်း အမည်စာရင်း ထပ်မံပေးပို့သည့်အခါ ထုတ်ပြန်ကြေငြာထားသည့် အစီအစဉ်အတိုင်း ရွေးချယ်တင်မြှောက်ပွဲကို မကျင်းပနိုင်ပါက

ရွေးချယ် တင်မြှောက်ပွဲကို ခွဲဆိုင်းပြီး တစ်ဆင့်မြင့်သော သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ညှိနှိုင်း၍ သင့်လျော်သော နေ့ရက်တွင် ရွေးချယ်တင်မြှောက်ပွဲကိုကျင်းပရမည်၊

(င) ပြည်သူ့ကိုယ်စားလှယ်လောင်း တစ်ဦးသည်လည်းကောင်း၊ ရွေးချယ်တင်မြှောက်ခြင်းခံရပြီးနောက် ကတိသစ္စာ မပြုရသေးသော ပြည်သူ့ကိုယ်စားလှယ် တစ်ဦးသည် လည်းကောင်း ပြည်သူ့ကိုယ်စားလှယ်လောင်း သို့မဟုတ် ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့် ပြုနိုင်သည်။

၅။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၉ နည်းဥပဒေခွဲ (က) ကို အောက်ပါ နည်းဥပဒေခွဲဖြင့် အစားထိုးရမည်—

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီမဲဆန္ဒနယ် တစ်နယ်စီတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ လွယ်ကူစွာဆန္ဒမဲပေးနိုင်သည့်နေရာ၌ မဲရုံတစ်ရုံစီကို ထားရှိရမည်။ လူဦးရေ ထူထပ်သော ဒေသများနှင့် လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသော ဒေသများတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ မဲဆန္ဒနယ် တစ်နယ်စီ၌ ကော်မရှင်၏ ခွင့်ပြုချက်နှင့်အညီ မဲရုံတစ်ရုံထက်ပို၍ ထားရှိနိုင်သည်။ မဲရုံများတွင် အဝင်ဝမှစ၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်၊ မြို့နယ်ပြည်သူ့ကောင်စီဝင်၊ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ရန် ဆန္ဒမဲပေးရမည့် အခန်းများကို အစဉ်အတိုင်း ခွဲခြားထားရမည်၊

၆။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၅၄ နည်းဥပဒေခွဲ (င) ကို အောက်ပါ နည်းဥပဒေခွဲဖြင့် အစားထိုးရမည်—

င) နည်းဥပဒေခွဲ (က) နှင့် (ခ) အရ လက်ခံ ရယူထားသော ဆန္ဒမဲလက်မှတ်များကို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပသည့်နေ့ရက်၌ ညနေ ၆ နာရီမတိုင်မီ သက်ဆိုင်ရာ မဲရုံမှူးထံသို့ အရောက်ပေးပို့ရမည်။

၇။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၇၀ နည်းဥပဒေခွဲ (ဂ) ကို အောက်ပါ နည်းဥပဒေခွဲဖြင့် အစားထိုးရမည်—

(ဂ) ဆန္ဒမဲပြား သို့မဟုတ် ဆန္ဒမဲလက်မှတ် တစ်ခုခုနှင့် စပ်လျဉ်း၍ ပယ်ရန် မပယ်ရန် အငြင်းပွားမှု ရှိလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်ရမည်။

ကျပ်တစ်ရာတန် ငွေစက္ကူ၊ ကျပ်ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင် ငွေအဖြစ်မှ ရုပ်သိမ်းသည့် ဥပဒေ (၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၄) ကို ပြင်ဆင်သည့် အမိန့် (၁၉၈၅ ခုနှစ်၊ နိုင်ငံတော် ကောင်စီ၏ ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်အမှတ် ၁ နှင့် အမိန့်အမှတ် ၂) တို့ကို အတည်ပြုသည့် ကြေငြာချက်

နှင့်

၁၉၈၅ ခုနှစ်၊ နိုင်ငံတော်ကောင်စီ၏ ဥပဒေကဲ့သို့ အာဏာတည်သည့်

အမိန့် အမှတ် ၁ နှင့် အမိန့် အမှတ် ၂

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

**နိုင်ငံတော်ကောင်စီ**

## ကြေငြာချက်

## အမှတ် ၆/၇၅

ရန်ကုန်မြို့၊ ၁၃၄၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်
(၁၉၇၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

**ကျပ် တစ်ရာတန် ငွေစက္ကူ၊ ကျပ် ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်သိမ်းသည့် ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၄) ကို ပြင်ဆင်သည့်အမိန့် (၁၉၇၅ ခုနှစ်၊ နိုင်ငံတော်ကောင်စီ၏ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်အမှတ် ၁ နှင့် အမိန့်အမှတ် ၂) တို့ကို အတည်ပြုခြင်း**

၁။ ၁၃၄၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက် (၂၃-၁၂-၇၅) နေ့၌ ကျင်းပသည့် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေးတွင် နိုင်ငံတော်ကောင်စီက တင်ပြသည့် ကျပ်တစ်ရာတန် ငွေစက္ကူ၊ ကျပ်ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်သိမ်းသည့်ဥပဒေ (၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၄) နှင့် စပ်လျဉ်းသော ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်ကောင်စီ၏ ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်အမှတ် ၁ နှင့် အမိန့်အမှတ် ၂ တို့ကို အခြေခံဥပဒေပုဒ်မ ၇၄ အရ လွှတ်တော်က အတည်ပြုသည်။

၂။ ယင်းအမိန့်အမှတ် ၁ နှင့် အမိန့်အမှတ် ၂ တို့တွင် ပါရှိသည့် ပြင်ဆင်ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ကျပ်တစ်ရာတန် ငွေစက္ကူ၊ ကျပ်ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်သိမ်းသည့် ဥပဒေ (၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၁၄) ပုဒ်မ ၄ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

ပုဒ်မ ၄။ ပုဒ်မ ၃ တွင် ဖော်ပြထားသော ငွေစက္ကူများကို လက်ဝယ်ရှိသူသည် ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် တနင်္လာနေ့မှစ၍ နိုဝင်ဘာလ ၁၅ ရက် သောကြာနေ့အထိနှင့် နိုဝင်ဘာလ ၁၈ ရက် တနင်္လာနေ့မှစ၍ နိုဝင်ဘာလ ၃၀ ရက် စနေနေ့ အထိ မိမိနေထိုင်ရာ မြို့နယ်ရှိဘဏ်တွင် သတ်မှတ်ထားသောပုံစံဖြင့် လာရောက်အပ်နှံရမည်။

(ခ) ထိုဥပဒေပုဒ်မ ၆၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ အသီးသီးတို့၏ အောက်တွင် အောက်ပါတို့ကို ခြွင်းချက်များ အဖြစ် ဖြည့်စွက်ရမည်—

ခြွင်းချက်။ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသော ခြွင်းချက်များကို ဝန်ကြီးအဖွဲ့က သတ်မှတ်နိုင်သည်။

(ဂ) ထိုဥပဒေပုဒ်မ ၉ ကို အောက်ပါ ပုဒ်မဖြင့် အစားထိုးရမည်—

ပုဒ်မ ၉။ ပုဒ်မ ၄ အရ ဖြစ်စေ၊ ပုဒ်မ ၅ အရ ဖြစ်စေ အပ်နှံသော ငွေစက္ကူ စုစုပေါင်းတန်ဖိုး၏ နှစ်ဆယ့်ငါး ရာခိုင်နှုန်းကို တရားဝင်ငွေဖြင့် ချက်ချင်း လဲလှယ်ပေးရမည်။ သို့ရာတွင် အောက်ပါအဖွဲ့အစည်းများ အတွက် ခြွင်းချက်များကို ဝန်ကြီးအဖွဲ့က သတ်မှတ်နိုင်သည်—

(က) သံတမန်အဖွဲ့အစည်းများ၊

(ခ) ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ။

**(ဃ)** ထို့ဥပဒေပုဒ်မ ၁၀ ပါ စကားရပ်များကို **ပယ်ဖျက်ရမည်။**

**(င)** ထို့ဥပဒေပုဒ်မ ၁၁ ကို **အောက်ပါ** ပုဒ်မဖြင့် **အစားထိုး ရမည်—**

ပုဒ်မ ၁၁။ ပုဒ်မ ၉ အရ လဲလှယ်ပေးပြီးနောက် ကျန်ရှိငွေသည် အောက်ပါတို့နှင့် ညီညွတ်ပါက **တရားဝင်** ငွေများဖြင့် လဲလှယ်ပေး**ရမည်**—

(က) ပုဒ်မ ၄ အရ ဖြစ်စေ၊ ပုဒ်မ ၅ အရ ဖြစ်စေ အပ်နှံထားသော ငွေ များ ကို တရားဝင် လက်ဝယ် ရရှိထားကြောင်း ခိုင်လုံသော အထောက်အထား တင်ပြနိုင်ခြင်း၊

(ခ) ပုဒ်မ ၄ အရ ဖြစ်စေ၊ ပုဒ်မ ၅ အရ ဖြစ်စေ အပ်နှံထားသော ငွေများအတွက် သက်ဆိုင်ရာ ဥပဒေများအရ ကျသင့်သော အခွန်အခများ ပေးဆောင်ပြီး ဖြစ်ခြင်း။

(စ) ထို့ဥပဒေပုဒ်မ ၁၂ **တွင်** "ပုဒ်မ ၁၀ အရ" ဆိုသည့်စကားရပ်ကို "ပုဒ်မ ၉ အရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

(ဆ) ထို့ဥပဒေပုဒ်မ ၁၄ ကို အောက်ပါပုဒ်မဖြင့် **အစားထိုး** ရမည်—

ပုဒ်မ ၁၄။ ကျပ်တစ်ရာတန် ငွေစက္ကူ သို့မဟုတ် ကျပ်ငါးဆယ်တန် ငွေစက္ကူ သို့မဟုတ် ကျပ်နှစ်ဆယ်တန် ငွေစက္ကူကို ပြန်လည်အပ်နှံရာ၌ မရိုးမဖြောင့်သော သဘောဖြင့် မိမိပိုင်ဖြစ်သည်ဟု ဖော်ပြ၍ လဲလှယ်သွားကြောင်း သို့မဟုတ် လဲလှယ်ရန် စေခိုင်းကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် လဲလှယ်သည့်ငွေကို ပြန်လည်ပေးသွင်းရမည်။ ပေးသွင်းရန် ပျက်ကွက်ပါက ထိုသူအား အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ် သုံးနှစ်အထိ ကျခံစေရမည်။ ထို့အပြင် လဲလှယ်သွားသော ငွေကိုလည်း ဒဏ်ကြေးအဖြစ် ပေးသွင်းစေရမည်။ ပေးသွင်းရန် ပျက်ကွက်ပါက မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

(၈) ထိုဥပဒေပုဒ်မ ၁၅ တွင် " ထို့အပြင် ပို၍ ထုတ်ယူသွားသောငွေကိုလည်း ဒဏ်ကြေးအဖြစ် ပေးသွင်းစေရမည် " ဆိုသည့် စကားရပ်နောက်၌ " ပေးသွင်းရန် ပျက်ကွက်ပါက မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ကောက်ခံရမည် " ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

## ကျပ် တစ်ရာတန် ငွေစက္ကူ၊ ကျပ် ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရပ်စဲသည့် ဥပဒေကို ပြင်ဆင်သည့်အမိန့်

[ ၁၉၈၅ ခုနှစ်၊ နိုင်ငံတော်ကောင်စီ၏ ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်အမှတ် ၁ ]

၁။ နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေပုဒ်မ ၇၄ က အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို သုံးစွဲ၍ ဥပဒေကဲ့သို့ အာဏာတည်သည့် အောက်ပါအမိန့်ကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤအမိန့်ကို ကျပ်တစ်ရာတန် ငွေစက္ကူ၊ ကျပ်ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရပ်စဲသည့် ဥပဒေ (၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၁၄)ကို ပြင်ဆင်သည့်အမိန့်ဟု ခေါ်တွင်စေရမည်။

၃။ ကျပ်တစ်ရာတန် ငွေစက္ကူ၊ ကျပ်ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရပ်စဲသည့် ဥပဒေပုဒ်မ ၄ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

> ပုဒ်မ ၄။ ပုဒ်မ ၃ တွင် ဖော်ပြထားသော ငွေစက္ကူများကို လက်ဝယ်ရှိသူသည် ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် တနင်းလာနေ့မှစ၍ နိုဝင်ဘာလ ၁၅ ရက် သောကြာနေ့အထိနှင့် နိုဝင်ဘာလ ၁၈ ရက် တနင်းလာနေ့မှစ၍ နိုဝင်ဘာလ ၃၀ ရက် စနေနေ့အထိ မိမိနေထိုင်ရာမြို့နယ်ရှိ ဘဏ်တွင် သတ်မှတ်ထားသော ပုံစံဖြင့် လာရောက်အပ်နှံရမည်။

၄။ ထိုဥပဒေပုဒ်မ ၉ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

> ပုဒ်မ ၉။ ပုဒ်မ ၄ အရ ဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ အပ်နှံသော ငွေစက္ကူစုစုပေါင်းတန်ဖိုး၏ နှစ်ဆယ်ငါးရာခိုင်နှုန်းကို တရားဝင်ငွေဖြင့် ချက်ချင်းလဲလှယ်ပေးရမည်။

၅။ ထိုဥပဒေပုဒ်မ ၁၀ ပါ စကားရပ်များကို ပယ်ဖျက်ရမည်။

၆။ ထိုဥပဒေပုဒ်မ ၁၁ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

ပုဒ်မ ၁၁။ ပုဒ်မ ၉ အရ လဲလှယ်ပေးပြီးနောက် ကျန်ငွေသည် အောက်ပါတို့နှင့် ညီညွတ်ပါက တရားဝင်ငွေများဖြင့် လဲလှယ်ပေးရမည်—

(က) ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ အပ်နှံထားသော ငွေများကို တရားဝင်လက်ဝယ်ရရှိထားကြောင်း ခိုင်လုံသောအထောက်အထား တင်ပြနိုင်ခြင်း၊

(ခ) ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ အပ်နှံထားသော ငွေများအတွက် သက်ဆိုင်ရာ ဥပဒေများအရ ကျသင့်သော အခွန်အခများ ပေးဆောင်ပြီးဖြစ်ခြင်း။

၇။ ထိုဥပဒေပုဒ်မ ၁၄ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

ပုဒ်မ ၁၄။ ကျပ်တစ်ရာတန် ငွေစက္ကူ သို့မဟုတ် ကျပ်ငါးဆယ်တန် ငွေစက္ကူ သို့မဟုတ် ကျပ်နှစ်ဆယ်တန် ငွေစက္ကူကို ပြန်လည်အပ်နှံရာ၌ မရိုးမဖြောင့်သော သဘောဖြင့် မိမိပိုင်ဖြစ်သည်ဟု ဖော်ပြ၍ လဲလှယ်သွားကြောင်း သို့မဟုတ် လဲလှယ်ရန် စေခိုင်းကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် လဲလှယ်သည့်ငွေကို ပြန်လည်ပေးသွင်းရမည်။ ပေးသွင်းရန် ပျက်ကွက်ပါက ထိုသူအား အနည်းဆုံးထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ် သုံးနှစ်အထိ ကျခံစေရမည်။ ထို့အပြင် လဲလှယ်သွားသော ငွေကိုလည်း ဒဏ်ကြေးအဖြစ် ပေးသွင်းစေရမည်။ ပေးသွင်းရန် ပျက်ကွက်ပါက မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

# ကျပ် တစ်ရာတန် ငွေစက္ကူ၊ ကျပ် ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ် နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်စဲသည့် ဥပဒေကို ပြင်ဆင်သည့်အမိန့်

[ ၁၉၈၅ ခုနှစ်၊ နိုင်ငံတော်ကောင်စီ၏ ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်အမှတ် ၂ ]

၁။ နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေပုဒ်မ ၇၄ က အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲ၍ ဥပဒေကဲ့သို့ အာဏာတည်သည့် အောက်ပါအမိန့်ကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤအမိန့်ကို ကျပ်တစ်ရာတန်ငွေစက္ကူ၊ ကျပ်ငါးဆယ်တန်ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန်ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်စဲသည့် ဥပဒေ (၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၄)ကို ပြင်ဆင်သည့်အမိန့်ဟု ခေါ်တွင်စေရမည်။

၃။ တရားမဝင်ငွေစက္ကူများ အပ်နှံရာတွင် ချောမော ပြေပြစ်စေရန်အတွက် ကျပ်တစ်ရာတန်ငွေစက္ကူ၊ ကျပ်ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်စဲသည့်ဥပဒေပုဒ်မ ၆၊ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသော ခြွင်းချက်များကို ဝန်ကြီးအဖွဲ့က သတ်မှတ်နိုင်သည်။

၄။ ကျပ်တစ်ရာတန်ငွေစက္ကူ၊ ကျပ်ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်စဲသည့် ဥပဒေကို ပြင်ဆင်သည့်အမိန့် (၁၉၈၅ ခုနှစ်၊ နိုင်ငံတော်ကောင်စီ၏ ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်အမှတ် ၁ ) အပိုဒ် ၄၊ ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့သည် အောက်ပါအဖွဲ့အစည်းများအတွက် ခြွင်းချက်များကို သတ်မှတ်နိုင်သည်—

(က) သံတမန် အဖွဲ့အစည်းများ၊

(ခ) ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ။

၅။ ထိုဥပဒေပုဒ်မ ၁၂ တွင် "ပုဒ်မ ၁၀ အရ" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၉ အရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ထိုဥပဒေ ပုဒ်မ ၁၅ တွင် "ထို့အပြင် ပို၍ထုတ်ယူသွားသောငွေကို လည်း ဒဏ်ကြေးအဖြစ် ပေးသွင်းစေရမည်" ဆိုသည့်စကားရပ်နောက်၌ "ပေးသွင်းရန် ပျက်ကွက်ပါက မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

ပ၊စ၊က/၁၅၃၂၁ဂ/လွှတ်တော်ရုံး/၄,၇၀၀ + ၂၅/ဂဇ/ဖလ။